ဒေါင့်ကြီးကျေးရွာ

ဒေါင့်ကြီးအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဒေါင့်ကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဧပြီလ၊ ၂၀၁၉

# မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ ၁

စကားချီး ၂

ချောင်းကြီး(အောက်)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃

ချောင်းကြီး(အောက်)ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့်၄င်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၅

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**

**ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍာအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေရရှိမှု

ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ

ဇယား ၃၆ ရဝေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၆**
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၇**
**ကိုးကားစာရင်း ၆၈**

## အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MoALI စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဧပြီလ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဒေါင့်ကြီးကျေးရွာ
ဇလွန်မြို့နယ်

**ဒေါင်ကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်**



## ဒေါင့်ကြီးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်



| စဉ် | အဖြစ်အပျက် | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲလ | တပေါင်းလ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | စိုက်ပျိုးရေးလုပ်ငန်း | လုပ်ငန်း သိမ်း | - | - | - | - | သီးနှံ စိုက် | အစာကျွေး | အစာကျွေး | သီးနှံ ပြုပြင် | - | အစာကျွေး | လုပ်ငန်းသိမ်း |
| ၃။ | ရောဂါ | ရာသီဖျား | - | ဝမ်းပျက် ဝမ်းလျှော | သွေးလွန် တုပ်ကွေး | သွေးလွန် တုပ်ကွေး | - | - | နှာစေး၊ ချောင်းဆိုး | - | - | အပူဖျား | အပူဖျား |
| ၄။ | အလုပ်အကိုင် | သင့် | ရှားပါး | ရှားပါး | သင့် | သင့် | ကောင်း | ကောင်း | ရှားပါး | ရှားပါး | ရှားပါး | ရှားပါး | ရှားပါး |
| ၅။ | ဝင်ငွေ/ထွက်ငွေ | oooo/oooo | ooo/ooooo | ooo/ooooo | oooo/oooo | oooo/oooo | ooooo/ooo | oooo/oooo | -/oo | -/oo | -/oo | -/oo | -/oo |
| ၆။ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေ သွန်းပွဲ | - | ဝါဆို သင်္ကန်း ကပ်ပွဲ | - | - | မီးထွန်းပွဲ | တန်ဆောင် တိုင်ပွဲ | - | - | ထမနဲပွဲ | ဘုရားပွဲ |
| ၇။ | ဈေးဖြူရေး | ကြက် | ဘဲ | ဝက် | ကြက် | ဝက် | ဝက် | ကြက် | ဘဲ | ဝက် | ကြက် | ကြက် | ဝက် |

ရက်စွဲ၊ ၇.၂.၂၀၁၉

ရေးဆွဲသူ၊ ဒေါ်နုနုလွင်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

၆

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဒေါင့်ကြီးကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ဇလွန်မြို့နှင့် (၉)မိုင် (၇)ဖာလုံအကွာတွင် တည်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် နယ်နမိတ်ချင်းထိစပ်နေ သောကြောင့် အဖျောက်မြို့၊ တိုက်ကြီးမြို့တို့နှင့် ဆက်သွယ်သွားလာရေးလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့် မြေနိမ့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)အထက်ရှိပြီး မိုးရာသီတွင် မိုးစပါးစိုက်ပျိုးရေးကို မိုးရေဖြင့်လုံလောက်ပါသည်။ လယ်ယာမြေသည် စပါး၊ မတ်ပဲတို့ကို စိုက်ပျိုးထုတ်လုပ်ရန်နှင့် ကိုင်းမြေသည် ပြောင်းကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

၇

## (ခ) သဘာဝအရင်းအမြစ်

ချောင်းကြီး(အောက်)ကျေးရွာတွင် ကျောက်နှင့်သဲ အနည်းငယ်ထွက်ရှိသောကြောင့် ကျေးရွာလမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် လွယ်ကူစွာအသုံးပြုနိုင်ကြပါသည်။ တွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်နှင့်ကိုင်းလုပ်ငန်းများအတွက် နွားအသုံးပြုမှုရှိသောကြောင့် နွားစာအတွက် မြက်များကို လယ်ကန်သင်းများတွင် အလွယ်တကူရရှိနိုင်ပါသည်။ စားကျက်မြေ သီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသော ကျိတ်မှန်ရွက်ပင်၊တောင်ကန်စွန်းပင်၊ကုန်းထိကရုံးပင်၊ အစရှိသည့်အပင်များသာ ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

ချောင်းကြီး(အောက်)ကျေးရွာတွင် အိမ်ခြေ(၃၂၀)အိမ်၊ အိမ်ထောင်စု(၃၂၀)နှင့် လူဦးရေ (၁၁၉၉)ဦး ရှိပါသည်။ ကလေးငယ်အရွယ်(၇)%၊ ကျောင်းနေအရွယ်(၂၁)%၊ အလုပ်လုပ်နိုင်သော အရွယ်(၆၅)%၊ သက်ကြီးရွယ်အို(၇)%ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပါသည်။ ကျေးရွာတွင် အမျိုးသား (၆၀၈)ဦး၊ အမျိုးသမီး(၅၉၁)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင် များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး ရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ချောင်းကြီး(အောက်)ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေး တစ်ပိုင်တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ် လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ စက်လှေအငှားလိုက်ခြင်းတို့ဖြင့် အဓိက အသက်မွေးကြပါသည်။ လယ်/ကိုင်း လုပ်ငန်းအဓိကလုပ်ကိုင်သူ(၄၅)%၊ မွေးမြူရေးလုပ်ငန်းအဓိကလုပ်ကိုင်သူ (၃)%၊ အရောင်းအဝယ်လုပ်ငန်းလုပ် ကိုင်သူ(၁)%၊ စက်လှေအငှားလိုက်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ(၁)%၊ ရာသီအလိုက်ကျပန်းလုပ်ငန်း လုပ်ကိုင်သူ (၅၀)% ရှိပါသည်။ ချောင်းကြီး(အောက်)ကျေးရွာတွင်

မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူ သောအိမ်ထောင်စု(၁၉)အိမ် အကောင်ရေ(၃၈)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၅၉)အိမ် အကောင်ရေ (၇၆)ကောင်၊ ကြက်မွေးမြူသော အိမ်ထောင်စု(၇၉)အိမ် အကောင်ရေ(၄၆၃)ကောင်၊ ဘဲမွေးမြူသောအိမ်ထောင်စု (၁)အိမ် အကောင်ရေ(၁၅)ကောင် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေဧက(၈၄၉.၅)ဧက၊ ကိုင်းမြေဧက (၃၂၃)ဧက၊ စုစုပေါင်း (၁၁၇၂.၅)ဧကဖြစ်ပြီး ယာမြေ၊ ခြံမြေ၊ ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ် မြေလပ်များမရှိပါ။ချောင်းကြီး(အောက်)ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၂၁အိမ် (၇%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၇၆အိမ် (၂၄%)၊ ဆင်းရဲသော အိမ်ထောင်စု ၂၂၃အိမ်(၇၀%)ရှိပြီး အလွန်ဆင်းရဲသောအိမ်ထောင်စုမရှိပါ။ အဆင်ပြေသော အိမ်ထောင်စုများမှာ ကိုင်း



လုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး (၁၅)ဧကအထက် ကိုင်းမြေများပိုင်ဆိုင်ကြကြောင်း၊ လယ်ယာလုပ်ငန်းသုံး ထွန်စက်ငယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ် ရှိသောအိမ်ထောင်စုများမှာ လယ်လုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး (၅)ဧကအထက် လယ်မြေများ ပိုင်ဆိုင် ကြကြောင်း၊ လယ်ယာလုပ်ငန်းသုံး ထွန်စက်ငယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ (၅)ဧကအောက် လယ်လုပ်ငန်းလုပ်ကိုင်သူများ လည်းရှိကြောင်း၊ ရာသီအလိုက်နေ့စားကျပန်းလုပ်ကိုင်ကြသော မြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ် အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် အိမ်ထောင်စု(၃၂၀)အနက် မြေယာမဲ့အိမ်ထောင်စု (၅၅)% ရှိကြောင်း၊ စိုက်ပျိုးမြေယာဧက(၅)ဧကအောက်ပိုင်ဆိုင်သူတောင်သူငယ်အိမ်ထောင်စု (၁၅)% ရှိကြောင်း၊ စိုက်ပျိုးမြေယာဧက(၅)ဧကနှင့် (၁၂.၅)ဧကကြားပိုင်ဆိုင်သူတောင်သူလတ်အိမ်ထောင်စု (၂၄)%ရှိကြောင်း၊ စိုက်ပျိုးမြေယာဧက(၁၂.၅)ဧကအထက်ပိုင်ဆိုင်သူ တောင်သူကြီးအိမ်ထောင်စု (၆)%ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာသည် လယ်နှင့်ကိုင်းအား အဓိကလုပ်ကိုင်သောဒေသ ဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၁၆)စီး၊ ခြွေလှေ့စက်(၄) စီး၊ ရေစုပ်စက်(၂၄)စီး၊ ခြေနင်းရေတင်စက်(၆)စီးဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများမရှိ၍ လက်တွန်းထွန်စက်အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၄၁)အိမ်၊ ခြွေလှေ့စက်အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက် (၄၅)အိမ်၊ ရေစုပ်စက်အားငှားရမ်းလုပ်ကိုင်နေသော အိမ်ထောင်စုအရေအတွက်(၃၃)အိမ်၊ ခြေနင်းရေတင်စက်အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေ အတွက်(၅၁)အိမ်ရှိကြောင်း၊ ကျေးရွာမှ စုပေါင်း၍အသုံးပြုရန်အတွက် ရွာပိုင်၊ အဖွဲ့ပိုင်စက်ကိရိယာများ သတ်သတ်မှတ်မှတ်ထားရှိခြင်းမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ချောင်းကြီး(အောက်)ကျေးရွာသည် အိမ်ထောင်စုပေါင်း(၃၂၀)အနက် (၃)လအောက် ဝမ်းစာ မဖူလုံ၍ လုပ်အားခကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသော အိမ်ထောင်စုပေါင်း(၆၇)အိမ်ရှိပြီး ဝမ်းစာမဖူလုံသောအိမ်ထောင်စုများမှာလည်း အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းသောအိမ်ထောင်စုများ၊ မျက်စိမမြင် သော အိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် ကျား(၁)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၉)ဦးရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၂)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ (၃)လအောက်စားနပ်ရိက္ခာမဖူလုံ သောကြောင့် လုပ်အားခ ကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့်အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ချောင်းကြီး(အောက်)ကျေးရွာသည် ဇလွန်မြို့၏အရှေ့ဘက် ဧရာဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသောကျေးရွာဖြစ်ပြီး ရေလမ်းခရီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအနည်းအကျဉ်းရှိကြောင်း၊တီဘီရောဂါသည်အနည်းအကျဉ်းရှိကြောင်း၊ ကျေးရွာ၏ဆည်မြောင်းတာအပြင်ဘက်အခြမ်းတွင်ရှိသောအိမ်ထောင်စုများမှာမိုးတွင်းအခါမြစ်ရေတက်ခြင်းအခြေအနေမျိုးရှိကြောင်း လေ့လာ



တွေ့ရှိရပါသည်။ ချောင်းကြီး(အောက်)ကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ လျှေင်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှု ရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှု စသည့် ထိခိုက်မှုမျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူကျပန်းအလုပ်သမားများနှင့် အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက်ရောက်မှု နိမ့်ကြောင်း၊ လူငယ်များသည် အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အသင့်အတင့်ရှိကြောင်း၊ တာအပြင်ဘက်ခြမ်းတွင်နေထိုင်သော အိမ်ထောင်စုအချို့မှာ မိုးတွင်းအခါ ရေးကြီးတတ်သောကြောင့် နေရေးထိုင်ရေး၊ သွားရေးလာရေး၊ စားဝတ်နေရေး အခက်အခဲအနည်းအကျဉ်းရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ချောင်းကြီး(အောက်)ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါ ဘယဖြစ်ပွားမှုနည်းပါးကြောင်း၊ ရာသီချိန်များတွင် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး စသည့်ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာနှင့်(၃)မိုင်ခန့်အကွာတွင် ရေလဲတိုက်နယ်ဆေးရုံရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းစွာရရှိပြီး အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေး ထိုးနှံခြင်းများနှင့် အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ ကျေးရွာနှင့်(၃)မိုင်ခန့်အကွာတွင် ရေလဲတိုက်နယ်ဆေးရုံရှိပြီး ဆေးရုံအတွင်းတွင် အခန်း၊ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့် (၁၀)မိုင်ကျော်အကွာမြစ်တစ်ဖက်ကမ်းတွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင် ပြည့်စုံလုံလောက်မှုရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ချောင်းကြီး(အောက်)ကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၈၃)ဦး၊ မ(၈၉)ဦး၊ စုစုပေါင်း(၁၇၂)ဦး၊ (၁၅)%ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၃၇၈)ဦး၊ မ(၄၁၄)ဦး၊ စုစုပေါင်း (၇၉၂)ဦး၊ (၇၁)% ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၆၁)ဦး၊ မ(၃၉)ဦး၊ စုစုပေါင်း(၁၀၀)ဦး၊ (၉)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၃၃)ဦး၊ မ(၂၁)ဦး၊ စုစုပေါင်း(၅၄)ဦး၊ (၅)%ရှိကြောင်း၊ တက္ကသိုလ်/ ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၁)ဦး၊ မ(၁)ဦး၊ စုစုပေါင်း(၂)ဦးရှိကြောင်း၊ ကျေးရွာတွင် မူလတန်း အဆင့် ရှိသူများပြားပြီး ဘွဲ့ရပညာတတ်နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။ချောင်းကြီး(အောက်)ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား(၇၇)ဦး၊ မ(၅၉)ဦး၊ စုစုပေါင်း(၁၃၆)ဦး၊ (၉၇)% ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၃၈)ဦး၊ မ(၅၁)ဦး၊ စုစုပေါင်း (၈၉)ဦး၊ (၈၃)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၄)ဦး၊ မ(၁၈)ဦး၊ စုစုပေါင်း(၂၂)ဦး၊ (၃)%ရှိကြောင်း၊ တက္ကသိုလ်/ ကောလိပ် အဆင့် ကျား(၁၁)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၁၉)ဦး၊ (၂)%တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



ချောင်းကြီး**(**အောက်**)**ကျေးရွာအလယ်ပိုင်းတွင် အလယ်တန်း(ခွဲ)ကျောင်းဆောင်ကိုဆောက်လုပ်ထားရှိထားပါသည်။ စာသင်ကျောင်းတွင် ကျောင်းဆောင်(၄)ဆောင်ရှိပြီး ကျောင်းဆောင်(၁)နှင့် (၂)မှာ (၆၀'x၄၀')ရှိကြောင်း၊ ကျောင်းဆောင်(၂)မှာ (၈၀'x၄၀')ဖြစ်ကြောင်း၊ ကျောင်းဆောင်(၃)မှာ (၃၂'x၁၈')ဖြစ်ကြောင်း၊ ကျောင်းဆောင်များမှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းကျောင်းဆောင်များဖြစ်ကြောင်း၊ ကျောင်းအိမ်သာမှာလည်း ကောင်းမွန်ပြီး ဆရာ/ဆရာမများ ကျောင်းသား/သူများအတွက် လုံလောက်မှုရှိကြောင်း၊ ကျောင်းဆရာ/ဆရာမစုစုပေါင်း ကျောင်းဆရာ(၂)ဦး၊ ကျောင်းဆရာမ(၁၁)ဦးတို့ ရှိပြီး ဆရာ၊တပည့်အချိုးကိုက်ညီမှုရှိကြောင်း၊ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများမှာလည်း ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းဆောင်ဝန်းအတွင်းတွင် ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်စေရန်၊ သွက်လက်ထက်မြက်စေရန်၊ အားကစားပြုလုပ်ရန် မြေနေရာစီစဉ်ထားခြင်းမရှိသဖြင့် ကလေးငယ်များ ပညာရေးအတွက် တစ်ဖက်တစ်လမ်းမှအကူအညီအထောက်အကူပြုနိုင်စေရန် မြေနေရာသတ်မှတ်ပေးပြီး အားကစား ကွင်းစီစဉ်ပေးရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ ကျား(၂၈)ဦး၊ မ(၂)ဦး၊ စုစုပေါင်း (၃၀)ဦးဖြင့် ဖွဲ့စည်းထားသော မိဘဆရာအသင်းရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိကြောင်း၊ ကျောင်းတွင် ကျောင်းဆရာ/မလုံလောက်မှုရှိကြောင်း၊ မိသားစုစားဝတ်နေရေးအရသော်လည်းကောင်း (သို့မဟုတ်) ကျောင်းသူ/ကျောင်းသားတို့၏ စိတ်ဝင်စားမှုအားနည်းမှုတို့ကြောင့်လည်းကောင်း မူလတန်းအဆင့်ဖြင့် ကျောင်းထွက်နှုန်းဦးရေများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ချောင်းကြီး(အောက်)ကျေးရွာရှိ ကျားမရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှု

များမရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများ အတွက် ကျေးရွာသူ ကျေးရွာသားများ ထိုက်သင့်သလောက်အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် လယ်ယာလုပ်ငန်းအတွက် ယောက်ျားလေးများ၏ လုပ်အားခ နှုန်းထား အများဆုံးမှာ(၅၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၃၀၀၀) ကျပ်ဖြစ်ပါသည်။ ပန်းရံ ၊ လက်သမားများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ အနည်းဆုံး မှာ (၃၀၀၀)ကျပ်၊ အင်းအိုင်များတွင် အငှားငါးဖမ်းခြင်းလုပ်သားများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံခြင်းမျိုး မဟုတ်ဘဲ လုပ်အား စိုက်ထုတ်မှုပေါ်မူတည်၍ ကွာခြားသွားခြင်းဖြစ်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ကျား၊မ ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်



ကောင်းများရှိပါသည်။ ကျေးရွာသူ ကျေးရွာသားများသည် ဗမာလူမျိုးများနှင့် ကရင်လူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ခရစ်ယာန်ဘုရားကျောင်း(၁)ကျောင်း၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း(၁)ကျောင်း၊ ပဌာန်းတိုက် (၁)ကျောင်း၊ စေတီ(၁)ဆူ ရှိပါသည်။ ကျေးရွာတွင် ခရစ်ယာန်ဘာသာကိုးကွယ်သူနှင့် ဗုဒ္ဓဘာသာကိုးကွယ် သူများရှိသော်လည်း စည်းစည်းလုံးလုံး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရိုင်းပင်းကူညီကြကာ ရပ်ရေးရွာရေး တို့တွင် အတူတကွ ပူးပေါင်း ပါဝင်လုပ်ဆောင်ကြပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်းလူထုအခြေပြုအဖွဲ့ အစည်းများ မှာ အဖွဲ့ဝင်(၅)ဦးဖြင့်ဖွဲ့စည်းထားသော မီးသတ်အဖွဲ့၊ အဖွဲ့ဝင်(၁၅)ဦးဖြင့်ဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ အဖွဲ့ဝင်(၅)ဦးဖြင့်ဖွဲ့စည်းထားသော အမျိုးသမီးရေးရာအဖွဲ့၊ အဖွဲ့ဝင်(၃၀)ဦးဖြင့်ဖွဲ့စည်းထားသော မိဘဆရာ အသင်းတို့ရှိကြောင်း၊ အဖွဲ့အစည်းတို့၏ စွမ်းဆောင်နိုင်မှုအသင့်အတင့်ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့ အစည်းများမှာ ကိုရီးယားငွေစုငွေချေးအဖွဲ့၊ Patchမြန်မာ ငွေစုငွေချေးအဖွဲ့တို့သာရှိကြောင်း သီးခြား ပြည်တွင်း/ ပြည်ပ ပရဟိတအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ချောင်းကြီး(အောက်)ကျေးရွာတွင် မိုးစပါး၊ မတ်ပဲနှင့် ပြောင်းကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး မိုးစပါး(၁)ကေပျမ်းမျှအထွက်နှုန်း(၆၀)တင်း၊ မတ်ပဲ(၁)ကေပျမ်းမျှအထွက်နှုန်း(၇.၅)တင်း၊ ပြောင်း(၁)ကေ ပျမ်းမျှအထွက်နှုန်း (၇၅)တင်းနှုန်းဖြစ်ကြောင်း၊ သီးနှံများအတွက် ပံ့ပိုးရသော သွင်းအားစု လိုအပ်ချက်မှာ ပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှုအကျိုးအမြတ်ရရှိမှုများမှာလည်း အသင့်အတင့်သာ ဖြစ်ကြောင်း၊ ပြောင်းကိုအဓိကထားအားထားစိုက်ပျိုးရာဒေသဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်း ကောင်းများ မှာ လယ်၊ကိုင်းအဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်ယာမြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး

အတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ ဝယ်ယူ ရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ ရရှိနိုင်ခြင်းတို့ ဖြစ်ကြပါသည်။

ချောင်းကြီးအောက်၏သီးနှံထုတ်လုပ်မှုအတွက် ပြဿနာအခက်အခဲများမှာ စိုက်ပျိုးရေးသုံး အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိပြီး ထုတ်ချေးချိန်နောက်ကျခြင်းတို့ကြောင့် စပါးထွက်ရှိချိန်တွင် စပါးဈေးနှုန်းကျဆင်းနေသည့်အခါ အများစုသည် မိမိတို့စပါး ထုတ်ရောင်းရသဖြင့် အကျိုးအမြတ်များစွာဆုံးရှုံးရခြင်း၊ အထွက်နှုန်းကောင်းသော၊ ရာသီမရွေးစိုက်ပျိုးနိုင်ကာ ဒေသနှင့်ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်မရှိသောကြောင့် သီးနှံအထွက်နှုန်းအလယ်အလတ်သာရှိခြင်းတို့ ဖြစ်ကြပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု(၁၉)အိမ် အကောင်ရေ(၃၈)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၅၉)အိမ် အကောင်ရေ(၇၆)ကောင်၊ ကြက်မွေးမြူသောအိမ်ထောင်စု(၇၉)အိမ် အကောင်ရေ(၄၆၃)ကောင်၊ ဘဲမွေးမြူသော အိမ်ထောင်စု (၁)အိမ် အကောင်ရေ(၁၅)ကောင် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာ၏မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ပတ်သက်၍ အင်းယားအင်း၊ အင်းနှစ်လုံးအင်း၊ ရေမကြီးတူးအင်းအစရှိသည့် အင်းအိုင်များမှ စီးပွားဖြစ် လုပ်ကိုင်ကြပြီး မြစ်ထဲတွင် ဟင်းစားအဖြစ်ရှာဖွေစားသောက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ချောင်းကြီးအောက်ကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်၊ နွားမွေးမြူရေးကဏ္ဍတွင် ပြဿနာ အခက်အခဲများရှိ၍ စီးပွားဖြစ်မမွေးမြူကြခြင်းမဟုတ်ပါ။



## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ချောင်းကြီး(အောက်)ကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ စက်လှေအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ချောင်းကြီး(အောက်)ကျေးရွာသည် ဇလွန်မြို့၏အရှေ့ဘက် ရောဝတီမြစ်တစ်ဖက်ကမ်းတွင်တည်ရှိသောကျေးရွာဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နှင့်နယ်နိမိတ်ချင်းနီးစပ်သောကြောင့် ကျေးရွာ၏ဒေသထွက်ကုန်များအား ရောင်းချရန်ဈေးကွက်ကောင်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ချောင်းကြီးအောက်ကျေးရွာသည် ရောဝတီမြစ်တစ်ဖက်ကမ်း ကျေးရွာဖြစ်ခြင်း၊ ဇလွန်မြို့နှင့် (၉)မိုင်ကျော်ကွာဝေးခြင်းတို့ကြောင့် လျှပ်စစ်မီးမရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ဘွဲ့ရပညာတတ်လည်းအနည်းငယ်ရှိခြင်း၊ လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်၊စက်ဘီး ပြင်၊ ဒီဇယ်စက်ပြင်ဆရာများရှိခြင်း၊ လက်တွန်းထွန်စက်များမောင်းနှင်တတ်ခြင်း၊ ခြွေလှေ့စက်များ မောင်း နှင်တတ်ခြင်း၊ ဝါးတောင်း၊ ဇကော၊ ဖျာယက်၊ ဝါးခြင်းလုပ်သော အတတ်ပညာရှိခြင်း၊ ယိုစုံစားသောက်ကုန် ထုတ်လုပ်တတ်ခြင်း၊ အကြော်မျိုးစုံပြုလုပ်တတ်ခြင်းတို့ တတ်ကျွမ်းပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ချောင်းကြီး(အောက်)ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံ ခန့်ခွဲမှုစနစ်၌ လယ်နှင့်ကိုင်းအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်နှင့်ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအားမြေဩဇာအဖြစ် ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်း စနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြ သော်လည်း ကျေးရွာအဆင့် သီးသန့်နေရာ စီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေဩဇာသုံးစွဲမှုနည်းပါးပြီး အလွယ် တကူအသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် လယ်သမားအနည်းစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်း ပြား ၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း ၁.၅ကျပ်)နှင့် UNDP ချေးငွေ (အတိုးနှုန်း ၂.၅ကျပ်)၊ သမဝါယမချေးငွေ(အတိုးနှုန်း ၂ကျပ်)တို့ဖြင့် စားဝတ်နေရေးနှင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ငွေတိုးချေးသူများထံမှ (အတိုးနှုန်း ၅ကျပ်)နှုန်းဖြင့် ချေးယူသူ အနည်းအကျဉ်းမျှသာရှိပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြ



ကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှုနည်းပါးကြောင်းတွေ့ရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ချောင်းကြီး(အောက်)ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်) အသုံးပြုသူအိမ်ထောင်စု(၁၄)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု (၁၄၈) အိမ်ရှိကြောင်း၊ မြစ်ချောင်းမှသော်လည်းကောင်း၊ အိမ်းနီးချင်းတုံကင်တွင်းများမှ ပေါင်းစပ်အသုံးပြုသူအိမ်ထောင်စု(၁၅၈) အိမ်ရှိကြောင်း၊ တုံကင်တွင်းနှင့် မြစ်ချောင်းတို့မှ နွေ၊မိုး၊ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာအသုံးပြုသူ အိမ်ထောင်စု(၂၁၆) အိမ်၊ (၆၈)%ရှိကြောင်း၊ ကျေးရွာရှိနေအိမ်များမှာ တာတွင်း၊ တာပြင် နှစ်ခြမ်းဖြစ်သောကြောင့် တာအပြင်ဘက်ရှိအိမ်ထောင်စု(၁၀၄)အိမ်၊ (၃၂)%တို့မှာ အိမ်သာအသုံးမပြုကြဘဲ တောတိုး၍ အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ချောင်းကြီး(အောက်)ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊နာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ချောင်းကြီး(အောက်)ကျေးရွာရှိ လူငယ်လူရွယ်များသည် အားကစားပါဝင်လုပ်ဆောင်မှုအားနည်းကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားစိတ်ပါဝင်စားစွာ ပါဝင်လာစေရန် လှုံ့ဆော်မှုများ၊ ပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ချောင်းကြီး(အောက်)ကျေးရွာတွင် (၁၄၄၄')အတိုင်းအတာရှိ ရွာတွင်းလမ်း ကွန်ကရီ လမ်းပျက် ရှိပြီး ကျေးရွာသူကျေးရွာသားများ ရာသီမရွေးသွားလာအသုံးပြုနိုင်ရန် (၆)ပေအကျယ်၊ (၆)လက်မထုဖြင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်လိုကြောင်း၊ (၄၉၅')အတိုင်းအတာရှိ ကျေးရွာလမ်းသွယ်မှာလည်း မြေသားလမ်းဖြစ်သည့်အတွက် ရာသီမရွေးသွားလာအသုံးပြုမှုမရရှိသည့်အတွက် (၄)ပေအကျယ်၊ (၆) လက်မထုဖြင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် ချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသော (၃၀'x၄၀') သံတံတား တစ်စင်းရှိပြီး မိုးရာသီကာလတွင် ရေကြီးသဖြင့် နွေရာသီကာလများတွင်သာ အသုံးပြုနိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာသည် လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၁၂၀) အိမ်၊ (၃၈)%၊ ဒီဇယ်အင်ဂျင်အသုံးပြုသူအိမ်ထောင်စု (၂၈)အိမ်၊ (၈)%၊ ဆိုလာရှိသောအိမ်များတွင် ဘက်ထရီအိုး ခြောက်များ တစ်ခါသွင်း (၁၀၀)ပေး၍ ဘက်ထရီအိုးအသုံးပြုသူအိမ်ထောင်စု (၁၇၂)အိမ်၊ (၅၄)%ရှိကြောင်း၊ လျှပ်စစ်မီးလင်းရေးရရှိလိုကြောင်း၊ ဇလွန်မြို့နှင့် ရေဝေတီမြစ်ခြားသောကြောင့် ဓါတ်အားလိုင်းရရှိရေး အဆင်မပြေနိုင်သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသောကြောင့် အဖျောက်မြို့မှ သွယ်တန်းခွင့်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်လိုခြင်း၊ ကျေးရွာမှငွေကြေးမတတ်



နိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ပေးပါက ကျေးရွာမှလည်း တတ်အားသရွေ့ လူအင်အား၊ ငွေအင်အားတို့ ထည့်ဝင်၍ အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိရေးအတွက် ဖုန်း(၁၄၂)လုံး၊ ရေဒီယို(၄၀)လုံး၊ တီဗွီ(၉၆)လုံး၊ ဂြိုလ်တုစလောင်း(၈၁)လုံးဖြင့် အသုံးပြုနိုင်မှု ရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၅)မိုင် ကွာဝေးသော အနီးဆုံးဈေး "အဖျောက်ဈေး'သို့ သွားလာကြပြီး စားသောက်ကုန်( ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ပါသည်။ ယခင်နှစ်များတွင် အဖျောက်မြို့သို့ ရေကြောင်းဖြင့်ဆက်သွယ်သွားလာနိုင်သော်လည်း ယခုအခါတွင်

သောင်များဖြစ်ပေါ်လာသောကြောင့် ဆိုင်ကယ်၊ ကား/ထော်လာဂျီတို့ဖြင့် အများဆုံးသွားလာကြပါသည်။ ချောင်းကြီး(အောက်)ကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၃၀)မိုင်အထက်ကွာဝေးသော တိုက်ကြီးမြို့သို့ ဆိုင်ကယ်၊ ကား/ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ချောင်းကြီး(အောက်)ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ချောင်းကြီး(အောက်)ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်း လိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာ ဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ MPT ဖုန်းတာဝါတိုင်ရှိသောကြောင့် သတင်းဆက်သွယ်ရေးစနစ်ကောင်းမွန်ပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူအကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ချောင်းကြီး(အောက်)ကျေးရွာသည် မြစ်ချောင်းနှင့်နီးပြီး သဲ၊ ကျောက်များ၊ လမ်းခင်းကျောက်များ အလွယ်တကူရရှိနိုင်ခြင်း၊ မိုးရာသီတွင် ရေကြောင်းလမ်းဖြင့် ဆောင်ရွက်နိုင်ခြင်း၊ မိုးရာသီတွင် ရေကြောင်းခရီးဖြင့် အခြားမြို့များသို့သွားလာနိုင်ခြင်း၊ နွေရာသီတွင် ကုန်းလမ်းဖြင့် အခြားမြို့ရွာများသို့ သွားလာ ဆက်သွယ်နိုင်ခြင်း၊ လယ်ယာများတွင်အသုံးပြုသော လှည်းလမ်းများတွင် နွေရာသီ၌ ကားများသွားလာနိုင်ခြင်း၊ လယ်ကွင်းများဆားငံရည်မဝင်ခြင်း၊ ဇလွန်မြို့နှင့် အလှမ်းကွာဝေးသော်လည်း ရန်ကုန်တိုင်းဒေသကြီးနှင့် နယ်နမိတ်ချင်းနီးစပ်သောကြောင့် အလွယ်တကူသွားရောက်အလုပ်လုပ်နိုင်ခြင်း စသည့် အခြေအနေကောင်းများရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း သီးထပ်စိုက်ပျိုးပြီး အထွက်တိုးရန်အတွက် အင်းအိုင်များကို သုံး၍ ရေတင်ခြင်း၊ ချောင်းနှင့်နီးသောနေရာများတွင် ချောင်းရေဖြင့်တင်ခြင်း၊ တွင်းတူး၍ ရေတင်နိုင်ကြခြင်း၊ မြေဆီမြေနှစ်ကောင်းမွန်ခြင်း၊ စက်ကိရိယာများငှားရမ်းအသုံးပြုနိုင်ကြခြင်း၊ ဈေးကွက်လက်လှမ်းမီ



ခြင်း၊ မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များပါ စိုက်ပျိုးနိုင်ခြင်း စသည့် အခြေအနေကောင်းများရှိပါသည်။

ကျေးရွာတွင် ဘွဲ့ရပညာတတ်လည်းအနည်းငယ်ရှိခြင်း၊ လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်၊ စက်ဘီးပြင်၊ ဓါဗယ်စက်ပြင်ဆရာများရှိခြင်း၊ လက်တွန်းထွန်စက်များမောင်းနှင်တတ်ခြင်း၊ ခြွေလှေ့စက်များ မောင်းနှင်တတ်ခြင်း၊ ဝါးတောင်း၊ ဇကော၊ ဖျာယက်၊ ဝါးခြင်းလုပ်သော အတတ်ပညာရှိခြင်း၊ ယိုစုံစားသောက်ကုန်ထုတ်လုပ်တတ်ခြင်း၊ အကြော်မျိုးစုံပြုလုပ်တတ်ခြင်းတို့ တတ်ကျွမ်းပါသည်။

ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးလက်ဆေးပေးခန်းရှိခြင်း၊ ရေကောင်းရေသန့် လုံလောက်စွာရှိခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များနှစ်စဉ်ရှိခြင်း၊ ကျန်းမာရေးပညာပေးအစီအစဉ်များရှိခြင်း၊ မြို့နှင့်ဆေးရုံများသို့လက်လှမ်းမီခြင်း စသည့် အခြေအနေကောင်းများရှိပါသည်။

ကျေးရွာ၏အဆောက်အဦပိုင်းနှင့်ပတ်သက်၍ ကျေးရွာတွင် အလယ်တန်းကျောင်းရှိခြင်း၊ ဘုန်းကြီးကျောင်းရှိခြင်း၊ ဘုရားကျောင်းရှိခြင်း၊ ဘုရားစေတီရှိခြင်း၊ ကျေးလက်ဆေးပေးခန်းရှိခြင်း၊ ခရစ်ယာန်ဘုရားကျောင်းရှိခြင်း၊ MPT တာဝါတိုင်ရှိခြင်း၊ သင်္ဂြိုလ်စက်ရှိခြင်း စသည့် အခြေအနေကောင်းများ ရှိပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ချောင်းကြီး(အောက်)ကျေးရွာသည် အနီးအနားပတ်ဝန်းကျင်ထက်စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဇလွန်မြို့နှင့် အလှမ်းကွာဝေးသောဒေသတွင်တည်ရှိခြင်း၊ မိုးရာသီများတွင် ရေကြီးတတ်ခြင်း၊ စိုက်ပျိုးရေးတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုယုံကြည်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများတွင် စွန့်ဦးတီထွင်မှုမရှိခြင်း၊ မြို့ပေါ်ရှိဘဏ်လုပ်ငန်းဝန်ဆောင်မှုများသည် ကျေးရွာသို့ နယ်လှည့်ဆောင်ရွက်မှုမရှိခြင်း၊ စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်ရရှိနိုင်မှုခက်ခဲခြင်း၊ လျှပ်စစ်မီးသွယ်တန်းရန် မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးခြင်း၊ ကျေးရွာကုန်ထုတ်လုပ်မှုများအတွက် ဈေးကွက်အတက်အကျကြောင့် သင့်တင့်သောဈေးနှုန်းမရရှိခြင်း စသည့် အဟန့်အတားများရှိပါသည်။ ချောင်းကြီး(အောက်)ကျေးရွာတွင် ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု သဘာဝဘေးအန္တရာယ်များရှိခြင်း စသည့် အဟန့်အတားများရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းရှိ ဒေါ့င်ကြီးတာလေးတန်းလမ်းအား ကွန်ကရိလမ်းအဆင့်မြှင့်တင်ခြင်း၊ ဒေါင့်ကြီးကွက်သစ်လမ်းအား ချောင်းကျောက်ခင်းခြင်း ရရှိစေရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းရှိ ညောင်လေးပင်ကွန်ကရစ်လမ်းအား ပြုပြင်မွမ်းမံခြင်းများ၊ ဒေါင့်ကြီးကျေးရွာအတွင်းရှိ မူကြိုကျောင်းအား ပြင်ဆင်မွမ်းမံခြင်း ဆောင်ရွက်ခွင့် ရရှိစေရမည်။



က.၃) ကျွန်ုပ်တို့ရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းရှိ ကွက်သစ်ရပ်ကွက်၊ တာကြီးတန်းရပ်ကွက်၊ တာလေးတန်းရပ်ကွက်၊ လမ်းမတော်ရပ်ကွက်၊ စက်ရုံပိုင်းနှင့် မြောက်ပိုင်းလက်ခုပ်တန်းရပ်ကွက်များအား မီးအားကောင်းရေးအတွက် ဆောင်ရွက်ခွင့်ရရှိစေရမည်။

က.၄ ) ကျွန်ုပ်တို့ ရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းတွင် မြောက်ပိုင်း(အ.မ.က)စာသင်ကျောင်း ဆောင်သစ်(KG) ဆောင်သစ် ဆောက်လုပ်နိုင်ရမည်။

က.၅) ကျွန်ုပ်တို့ရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းရှိ တာလေးတန်းတံတားကြီးအား ပြုပြင်မွမ်းမံခြင်း နှင့် ကျေးရွာစာကြည့်တိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းရှိ ဒေါ့င်ကြီးတာလေးတန်းလမ်းအား ကွန်ကရိ လမ်းအဆင့်မြှင့်တင်ခြင်း၊ ဒေါင့်ကြီးကွက်သစ်လမ်းအား ချောင်းကျောက်ခင်းခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကျေးရွာထည့်ဝင်ငွေများစုဆောင်းခြင်း၊ သက်ဆိုင်ရာဌာနများသို့ ချိတ်ဆက်တင်ပြမှုများ ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းရှိ ညောင်လေးပင်ကွန်ကရစ်လမ်းအား ပြုပြင် မွမ်းမံခြင်းများ၊ ဒေါင့်ကြီးကျေးရွာအတွင်းရှိ မူကြိုကျောင်းအား ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကျေးရွာထည့်ဝင်ငွေများစုဆောင်းခြင်း၊ သက်ဆိုင်ရာဌာနများသို့ ချိတ်ဆက်တင်ပြမှုများ ဆောင်ရွက်သွားမည်။

ခ.၃) ကျွန်ုပ်တို့ရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းရှိ ကွက်သစ်ရပ်ကွက်၊ တာကြီးတန်းရပ်ကွက်၊ တာလေးတန်းရပ်ကွက်၊ လမ်းမတော်ရပ်ကွက်၊ စက်ရုံပိုင်းနှင့် မြောက်ပိုင်းလက်ခုပ်တန်းရပ်ကွက်များအား မီးအားကောင်းရေး ကျေးရွာထည့်ဝင်ငွေများစုဆောင်းခြင်း၊ သက်ဆိုင်ရာဌာနများသို့ ချိတ်ဆက်တင်ပြမှုများ ဆောင်ရွက်သွားမည်။

ခ.၄ ) ကျွန်ုပ်တို့ ရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းတွင် မြောက်ပိုင်း(အ.မ.က)စာသင်ကျောင်း ဆောင်သစ်(KG)ဆောင်သစ်ဆောက်လုပ်နိုင်ရေး ကျေးရွာထည့်ဝင်ငွေများစုဆောင်းခြင်း၊ သက်ဆိုင်ရာဌာန များသို့ ချိတ်ဆက်တင်ပြမှုများ ဆောင်ရွက်သွားမည်။

ခ.၅) ကျွန်ုပ်တို့ရွာလူထုသည် ဒေါင့်ကြီးကျေးရွာအတွင်းရှိ တာလေးတန်းတံတားကြီးအား ပြုပြင်မွမ်းမံခြင်း နှင့် ကျေးရွာစာကြည့်တိုက် အကောင်အထည်ဖော်နိုင်ရေး ကျေးရွာထည့်ဝင်ငွေများစုဆောင်းခြင်း၊ သက်ဆိုင် ရာဌာနများသို့ ချိတ်ဆက်တင်ပြမှုများ ဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြ

ထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) တာလေးတန်းလမ်းကွန်ကရစ်အဆင့်မြှင့်တင်ခြင်းနှင့် ကွက်သစ်လမ်းချောင်းကျောက်ခင်းခြင်း**

ဒေါင့်ကြီးကျေးရွာအတွင်းရှိ ဒေါ်င်ကြီးတာလေးတန်းလမ်းမှာ မြေသားလမ်းများနှင့် ကွန်ကရစ်အပေါက်အပြဲလမ်းများဖြစ်၍ ရေရှည်တွင် ရာသီမရွေးကောင်းမွန်စွာသွားလာနိုင်ရေးအတွက် ကွန်ကရိလမ်းအဆင့်မြှင့်တင်ခြင်း၊ ဒေါင့်ကြီးကွက်သစ်လမ်းမှာ ကုန်ထုတ်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် အခက်အခဲရှိ၍ အမာခံချောင်းကျောက်ခင်းခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျေးရွာသူ/ကျေးရွာသားများ အထူးလိုအပ်နေပါသည်။ ကျေးရွာလမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှသာလျှင်လူနေမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ကျေးရွာတစ်ရွာလုံးမှလည်း လိုလိုလားလားနှင့်လုပ်အား၊ငွေအားပါဝင်လုပ်ဆောင်နေကြပါသည်။ လမ်းအဆင့်မြှင့်တင်ရေးအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် မဆောင်ရွက်နိုင်သောကြောင့် နိုင်ငံတော်မှ အကူအညီများရရှိရန်နှင့် ကျေးလက်ဦးစီးဌာနမှ ချိတ်ဆက်ဆောင်ရွက်ပေးရန်အတွက်လည်း အထူးပင်လိုအပ်နေပါသည်။

**(ဂ) ညောင်လေးပင်လမ်းကွန်ကရစ်ခင်းခြင်းနှင့် မူကြိုကျောင်းပြုပြင်မွမ်းမံခြင်း**

ဒေါင့်ကြီးကျေးရွာအတွင်းရှိ ညောင်လေးပင်ကွန်ကရစ်လမ်းမှာ သက်တမ်းကြာမြင့်ပြီး ပေါက်ပြဲနေပြီဖြစ်၍ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ဒေါင့်ကြီးကျေးရွာအတွင်းရှိ လက်ရှိမူကြိုကျောင်းမှာ ကျောင်းသားဦးရေများပြားပြီး နှစ်ကြာမြင့်လာသောကြောင့် ခိုင်ခံ့မှု၊ ကျောင်းသားများနေရေးထိုင်ရေး အခက်အခဲများကြောင့် ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာမှစိတ်အားထက်သန်နေသောကြောင့် နိုင်ငံတော်မှ အကူအညီများရရှိရန်နှင့် ကျေးလက်ဦးစီးဌာနမှ ချိတ်ဆက်ဆောင်ရွက်ပေးရန်အတွက်လည်း အထူးပင်လိုအပ်နေပါသည်။

**(ဃ) (ကွက်သစ်၊ တာကြီးတန်း၊ တာလေးတန်း၊ လမ်းမတော်၊ စက်ရုံပိုင်းနှင့် မြောက်ပိုင်းလက်ခုပ်တန်း) ရပ်ကွက်များလျှပ်စစ်မီးအားကောင်းမွန်စွာအသုံးချနိုင်အောင်ဆောင်ရွက်ခြင်း**

ဒေါင့်ကြီးကျေးရွာသည် ဇလွန်မြို့နယ်အတွင်းတွင် အိမ်ခြေအများဆုံးကျေးရွာကြီးဖြစ်သောကြောင့် ကျေးရွာအတွင်းရှိ ကွက်သစ်ရပ်ကွက်၊ တာကြီးတန်းရပ်ကွက်၊ တာလေးတန်းရပ်ကွက်၊ လမ်းမတော်

ရပ်ကွက်၊ စက်ရုံပိုင်းနှင့် မြောက်ပိုင်းလက်ခုပ်တန်းရပ်ကွက်များတွင် မီးတိုင်၊ မီးကြိုးများမှာ ခိုင်ခံမှု အားနည်းခြင်း၊ ဟောင်းနွမ်းခြင်း၊Transformer ဗုံးများလဲရန်လိုအပ်ခြင်း၊ မီးအားမကောင်းခြင်းတို့ကြောင့်



ကျေးရွာမှ လျှပ်စစ်မီးအား ကောင်းမွန်စွာအသုံးမချနိုင်၍ နိုင်ငံတော်မှအကူအညီများရရှိရန်နှင့် သက်ဆိုင်ရာ ဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် အထူးပင်လိုအပ်နေပါသည်။

## ( င) KG ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

ဒေါင့်ကြီးကျေးရွာသည် ဇလွန်မြို့နယ်အတွင်းတွင် အိမ်ခြေအများဆုံးကျေးရွာကြီးဖြစ်သောကြောင့် ကျေးရွာအတွင်းရှိ ကျောင်းသား/ကျောင်းသူများ သက်တောင့်သက်သာဖြင့် စာသင်နိုင်ရေး၊ ကျောင်းပျော် ကလေးငယ်များ များပြားစေရေးအတွက် ဒေါင့်ကြီးကျေးရွာအတွင်းတွင် မြောက်ပိုင်း(အ.မ.က) စာသင်ကျောင်းဆောင်သစ် (KG)ဆောင်သစ် ဆောက်လုပ်နိုင်ရေး ကျေးရွာမှလည်းပူးပေါင်းပါဝင်ပြီး နိုင်ငံတော်မှ အကူအညီများရရှိရန်နှင့် သက်ဆိုင်ရာဌာနများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် အထူးပင်လိုအပ်နေပါသည်။

## (စ) တာလေးတန်းတံတားပြုပြင်မွမ်းမံခြင်းနှင့် ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း

ဒေါင့်ကြီးကျေးရွာအတွင်းရှိ တာလေးတန်းတံတားကြီးအား ကုန်ထုတ်ယာဉ်များ ဖြတ်သန်း သွားလာနိုင်ရေး၊ရာသီမရွေးအဆင်ပြေစွာအသုံးပြုနိုင်ရေးတို့အတွက် ပြုပြင်မွမ်းမံခြင်း၊ ကျေးရွာတစ်ရွာလုံး စာဖတ်အားကောင်းမွန်းပြီး စာပေဗဟုသုတလေ့လာလိုက်စားမှုအားကောင်းစေရန် ကျေးရွာစာကြည့်တိုက် အကောင်အထည်ဖော်နိုင်ရေး ကျေးရွာမှလည်းပူးပေါင်းပါဝင်ပြီး နိုင်ငံတော်မှ အကူအညီများရရှိရန်နှင့် သက်ဆိုင်ရာဌာနများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် အထူးပင်လိုအပ်နေပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့်

လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု



သတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) တာလေးတန်းလမ်းကွန်ကရစ်အဆင့်မြှင့်တင်ခြင်းနှင့်ကွက်သစ်လမ်းချောင်းကျောက်ခင်းခြင်း

(၂) ညောင်လေးပင်လမ်းကွန်ကရစ်ခင်းခြင်းနှင့် မူကြို့ကျောင်းပြုပြင်မွမ်းမံခြင်း

(၃) (ကွက်သစ်၊ တာကြီးတန်း၊ တာလေးတန်း၊ လမ်းမတော်၊ စက်ရုံပိုင်းနှင့် မြောက်ပိုင်းလက်ခုပ်တန်း) ရပ်ကွက်များလျှပ်စစ်မီးအားကောင်းမွန်စွာအသုံးချနိုင်အောင်ဆောင်ရွက်ခြင်း

(၄) KG ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

(၅) တာလေးတန်းတံတားပြုပြင်မွမ်းမံခြင်းနှင့် ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁။ | တာလေးတန်းလမ်းကွန်ကရစ်အဆင့်မြှင့်တင်ခြင်းနှင့်ကွက်သစ်လမ်းချောင်းကျောက်ခင်းခြင်း | ၁ | Â | | | | |
| ၂။ | ညောင်လေးပင်လမ်းကွန်ကရစ်ခင်းခြင်းနှင့် မူကြိုကျောင်းပြုပြင်မွမ်းမံခြင်း | ၂ | | Â | | | |
| ၃။ | (ကွက်သစ်၊ တာကြီးတန်း၊ တာလေးတန်း၊ လမ်းမတော်၊ စက်ရုံပိုင်းနှင့် မြောက်ပိုင်း လက်ခုပ်တန်း)ရပ်ကွက်များ လျှပ်စစ်မီးအား ကောင်းမွန်စွာအသုံးချနိုင်အောင်ဆောင်ရွက်ခြင်း | ၃ | | | Â | | |
| ၄။ | KG ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၄ | | | | Â | |
| ၅။ | တာလေးတန်းတံတားပြုပြင်မွမ်းမံခြင်းနှင့် ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၅ | | | | | Â |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသား ချင်းစာနာ မှုဆိုင်ရာ ထောက်ပံ့ မှု |
| | | | | ငွေလုံး ငွေရင်း သုံးစရိတ် | စွမ်းဆော င်ရည်မြှင့် တင်ရေး | |
| ၁။ | တာလေးတန်းလမ်းကွန်ကရစ်အဆင့်မြှင့်တင်ခြင်းနှင့်ကွက်သစ်လမ်းချောင်းကျောက်ခင်းခြင်း | | | Â | | |
| ၂။ | ညောင်လေးပင်လမ်းကွန်ကရစ်ခင်းခြင်းနှင့် မူကြိုကျောင်းပြုပြင်မွမ်းမံခြင်း | | | Â | | |
| ၃။ | (ကွက်သစ်၊ တာကြီးတန်း၊ တာလေးတန်း၊ လမ်းမတော်၊ စက်ရုံပိုင်းနှင့် မြောက်ပိုင်း လက်ခုပ်တန်း)ရပ်ကွက်များ လျှပ်စစ်မီးအား ကောင်းမွန်စွာအသုံးချနိုင်အောင်ဆောင်ရွက်ခြင်း | | | Â | | |
| ၄။ | KG ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | | | Â | | |
| ၅။ | တာလေးတန်းတံတားပြုပြင်မွမ်းမံခြင်းနှင့် ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | | | Â | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံ ခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်
ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စ များတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။



## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်

တာဝန်ယူ ဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု



ကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများစသည် တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။



**နောက်ဆက်တွဲ(၁)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅၀ | ၄၀ | ၉၀ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၆၆ | ၅၉ | ၁၂၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၇၈ | ၁၅၄ | ၃၃၂ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၈၆ | ၁၅၂ | ၃၃၈ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၈၂ | ၆၆၂ | ၁၅၄၄ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၈၈ | ၅၀ | ၂၃၈ |
| **စုစုပေါင်း** | | **၁၅၅၀** | **၁၁၁၇** | **၂၆၆၇** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၅၄၆** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆို သည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှာ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ် ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။ ။** ဒေါင့်ကြီးကျေးရွာတွင် အိမ်ခြေ(၅၄၆)အိမ်၊ အိမ်ထောင်စု(၅၄၆)နှင့် လူဦးရေ (၂၆၆၇)ဦးရှိကြောင်း၊ ကလေးငယ်အရွယ်(၈)%၊ ကျောင်းနေအရွယ်(၂၅)%၊ အလုပ်လုပ်နိုင်သောအရွယ် (၅၈)%၊ သက်ကြီးရွယ်အို(၉)% ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၄ | ၈၁ | ၁၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁ | ၅ | | မြင့် ☐ လတ် ⍓ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| | | | | | |
|---|---|---|---|---|---|
| ၄ | **သစ်တောလုပ်ငန်း** | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | **အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)** | **အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | | | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | | | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇၀ | ၇၀ | ၅ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| | | | | | |
|---|---|---|---|---|---|
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၀ | ၆ | ၁ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
| | | အိမ်ထောင်စု | မိသားစု ဝင်ငွေ လုပ်အား | | |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၅ | | | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | ☐ |
| | အလုပ်သမား/ ကျပန်း/ အလုပ်သမား | ၃၆၁ | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | ၅၄၆ | ၁၆၂ | ၁၆ | ☐ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ'** အရေအတွက်တွင် **' မိသားစုဝင်ငွေ လုပ်အား'** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **' ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ- **'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင် ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။။**ကျေးရွာတွင် ကိုင်းစိုက်ပျိုးရေး၊ မိသားစုအပိုဝင်ငွေရရှိရေးတစ်ပိုင်တစ်နိုင် ကြက်၊ဘဲ၊ ဝက် မွေးမြူခြင်း၊ ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင်ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဆိုင်ကယ်ကယ်ရီအငှား လိုက်ခြင်း၊ ဆန်စက်၊ အရောင်းအဝယ်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ အလှပြင်ဆိုင်၊ အပ်ချုပ်စက် လုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်သူ(၁၂)%၊ မွေးမြူရေးလုပ်ငန်း အဓိကလုပ်ကိုင်သူ (၂)%၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၁၃)%၊ ပန်းရံလက်သမားလုပ်ကိုင်သူ(၂)%၊ အလှပြင်၊အပ်ချုပ်စက်ချုပ်လုပ်ငန်း(၁)%၊ ကယ်ရီအငှားလိုက်ခြင်းလုပ်ငန်း(၄)%၊ရာသီအလိုက်ကျပန်းလုပ်ငန်း လုပ်ကိုင်သူ (၆၆)%ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေးနှင့်သဘာဝ အရင်းအမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၇၀၀၀ | - | ၆၀၀၀ | - |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ဒေါင့်ကြီးကျေးရွာတွင်လယ်ယာလုပ်ငန်းအတွက်ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၃၀၀၀)ကျပ် ဖြစ်ပါသည်။ ပန်းရံ ၊ လက်သမားများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ အနည်းဆုံးမှာ (၃၀၀၀) ကျပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



## (ဂ) သဘာဝအရင်းအမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၂၆၁ | ကောင် ☐ သင့် ☒ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၂၆၁** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ ကိုင်းမြေကေ(၂၆၁) ကေ၊ စုစုပေါင်း (၂၆၁)ကေဖြစ်ကြောင်း၊ ယာမြေ၊ ခြံမြေ၊ ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင် တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ခာတ်ငွေ့၊ရေနံကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☒ | လွယ် ☒ ခက် ☐ သုံးမပြုနိုင်ပါ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☒ | လွယ် ☒ ခက်☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☒ မရှိ ☐ | လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☒ | လွယ်☒ခက်☐ အသုံးမပြုနိုင်ပါ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။



**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာတွင် ခာတ်ငွေ့၊ရေနံ၊ ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ၊ နွားစာ၊ ဆေးဖက်ဝင်အပင်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ မထွက်ရှိသော်လည်း လွယ်လင့်တကူ အသုံးပြုနိုင်ကြောင်း၊ ဝယ်ယူရရှိနိုင်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | (၁၅)ကေအထက် (၂၁)ဦး | (၅)ကေအထက် (၇၆)ဦး | (၅)ကေအောက် (၄၇)ဦး မြေယာမဲ့(၁၄၉)ဦး | - |
| အိမ်အခြေအနေ | တိုက်ခံအိမ်- ၈၇အိမ် သစ်အိမ် - ၂၃အိမ် | တိုက်အိမ်-(၁၅)အိမ် သစ်အိမ်-၂၂၅အိမ် | သစ်အိမ် - ၂၀ အိမ် ဝါးအိမ်-၁၇၆ အိမ် | - |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင် | ထွန်စက်၊ ခြွေလှေ့စက် | ထွန်စက်ငယ် | - | - |

| | | | | |
|---|---|---|---|---|
| ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | ကိုင်း၊အရောင်းအဝယ်၊ ဆန်စက် | ကိုင်း၊ အရောင်းအဝယ် | ကိုင်း၊ ကျပန်း | - |
| အိမ်ထောင်စု | ၁၁၀ | ၂၄၀ | ၁၉၆ | - |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၁၁၀အိမ် (၂၀%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၂၄၀အိမ် (၄၄%)၊ ဆင်းရဲသော အိမ်ထောင်စု ၁၉၆အိမ်(၃၆%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ ကိုင်းလုပ်ငန်းနှင့် အရောင်းအဝယ်၊ ဆန်စက်အလုပ်တို့ဖြင့်အဓိကလုပ်ကိုင်ကြပြီး (၁၅)ကေ အထက်ကိုင်းမြေများပိုင်ဆိုင်ကြကြောင်း၊ လုပ်ငန်းသုံး ထွန်စက်၊ ခြွေလှေ့စက်တို့ ပိုင်ဆိုင်ကြကြောင်း၊ တိုက်ခံ အိမ်နှင့် သစ်အိမ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ လယ်လုပ်ငန်း နှင့် အရောင်းအဝယ်လုပ်ငန်းတို့အဓိကလုပ်ကိုင်ကြပြီး (၅)ကေအထက် ကိုင်းမြေများ ပိုင်ဆိုင်ကြကြောင်း၊ ကိုင်းလုပ်ငန်းသုံး ထွန်စက်ငယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ (၅)ကေအောက် ကိုင်းလုပ်ငန်းလုပ်ကိုင်သူများလည်းရှိကြောင်း၊ ရာသီ အလိုက်နေ့စားကျပန်းလုပ်ကိုင်ကြသော မြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ်အများဆုံးဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။



## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ** (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၅၉ | အခြားအစာပြောင်းလဲစား = ------------------------------<br>အစာလျှော့စား = ------------------------------<br>အထောက်အပံ့ယူ = ------------------------------<br>ချေးယူ = ------------------------------<br>လုပ်အားခကြိုယူ = -----------၅၉--------------- |
| ၃ လနှင့် ၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ------------------------------<br>အစာလျှော့စား = ------------------------------<br>အထောက်အပံ့ယူ = ------------------------------ |

| | | |
|---|---|---|
| | | ချေးယူ = ----------------------------<br>လုပ်အားခကြိုယူ = ------------------------------ |
| ၆လမှ<br>၁၂လအထိ<br>ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ------------------------------<br>အစာလျှော့စား = ------------------------------<br>အထောက်အပံ့ယူ = ------------------------------<br>ချေးယူ = ----------------------------<br>လုပ်အားခကြိုယူ = ------------------------------ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီဂကျေးရွာ အိမ်ထောင်စုပေါင်း(၅၄၆)အနက် (၃)လအောက် ဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသော အိမ်ထောင်စုပေါင်း(၅၉)အိမ်ရှိပြီး ဝမ်းစာမဖူလုံသောအိမ်ထောင်စုများမှာလည်း အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းသောအိမ်ထောင်စုများ၊ ကလေးသူငယ်များပြားသောအိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။



**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ**

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက် | ၁ | ၈ | ၉ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ်…. ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဒေါ်င်ကြီးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက် ကျား(၁)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၉)ဦးရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၂)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | **ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၃ | ရေကြီးခြင်း | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၇ | လေပျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ၈☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |



ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စု မည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဉ ပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် –နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု– လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက်–မြင့်)

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများ မရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ (၃)လအောက်စားနပ်ရိက္ခာမဖူလုံသောကြောင့် လုပ်အားခ ကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့်အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။ ကျေးရွာ၏ဆည်မြောင်းတာအပြင်ဘက်အခြမ်းတွင်ရှိသော အိမ်ထောင်စုအချို့မှာ မိုးတွင်းအခါ မြစ်ရေ

တက်ခြင်း အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဒေါင့်ကြီးကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ လျှင်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှု စသည့် ထိခိုက်မှုမျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၃ | မြေယာမဲ့၊ဆင်းရဲသောတောင်သူ | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးဆက်ရောဂါထူပြောသော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၆ | မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၇ | ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |

| | | |
|---|---|---|
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ကျေးရွာရှိလူငယ်များ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူကျပန်းအလုပ်သမားများနှင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက်ရောက်မှုအနည်းငယ်မျှသာ ရှိကြောင်း၊ လူငယ်များသည် အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အသင့်အတင့် ရှိကြောင်း၊ တာအပြင်ဘက်ခြမ်းတွင်နေထိုင်သော အိမ်ထောင်စုအချို့မှာ မိုးတွင်းအခါ ရေးကြီးတတ်သောကြောင့် နေရေးထိုင်ရေး၊ သွားရေးလာရေး၊ စားဝတ်နေရေး အခက်အခဲအနည်းအကျဉ်းရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။



(၂) **ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

(က) **ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က–၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်(အနည်းဆုံး တစ်ခုနှင့်အထက် ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု(မှန်ရာ တစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | မီးသတ်အဖွဲ့ | ၁ ☒ ၂ ☐ ၃ ☐ | ၅ | – | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☒ | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | မိခင်နှင့်ကလေး | ၁☐ ၂☒ ၃☐ | - | ၁၅ | ၁၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☒<br>သင့် ☐<br>ညံ့ ☐ |
| ၃ | အမျိုး သမီး<br>ရေးရာ<br>အဖွဲ့ | ၁☐ ၂☒ ၃☐ | - | ၅၀ | ၅၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☒ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☒<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ကြက်ခြေနီ | ၁☐ ၂☒ ၃☐ | ၂၈ | ၂ | ၃၀ | ပညာရေး ☒ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ |
| ၅ | စေတနာမောင်<br>ကျန်းမာရေး<br>စောင့်ရှောက်မှု | ၁☐ ၂☒ ၃☐ | ၈၀ | ၂၀ | ၁၀၀ | ပညာရေး ☒ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

၃၅

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်းလူထုအခြေပြုအဖွဲ့အစည်းများမှာ အဖွဲ့ဝင်(၅)ဦးဖြင့်ဖွဲ့စည်းထားသော မီးသတ်အဖွဲ့၊ အဖွဲ့ဝင်(၁၅)ဦးဖြင့်ဖွဲ့စည်းထားသော မိခင်နှင့်ကလေးအဖွဲ့၊ အဖွဲ့ဝင်(၅၀)ဦးဖြင့်ဖွဲ့စည်းထားသော အမျိုးသမီးရေးရာအဖွဲ့၊ အဖွဲ့ဝင်(၃၀)ဦးဖြင့်ဖွဲ့စည်းထားသော ကြက်ခြေနီ အသင်းတို့ရှိကြောင်း၊ အဖွဲ့ဝင်(၁၀၀)ဦးဖြင့်ဖွဲ့စည်းထားသော စေတနာမောင်ကျန်းမာရေးစောင့်ရှောက်မှုတို့ ရှိကြောင်း၊ မီးသတ်အဖွဲ့ဝင်များမှာ နွေရာသီပူးပြင်းကာလတွင်း ကျေးရွာအတွင်းလှည့်လည်၍ မီးဘေးလုံခြုံရေး နှိုးဆော်မှုများပြုလုပ်ကြကြောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များမှာ ကိုယ်ဝန်ဆောင်မိခင်များ အတွက် ဆေးတိုက်ကျွေးမှုများပြုလုပ်ကြကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များမှာ ကလေးများအား ဦးဆောင်၍

ကျေးရွာအတွင်း တစ်ပတ်တစ်ခါ အမှိုက်ကောက်ကြကြောင်း၊ သက်ကြီးရွယ်အိုများအား ရေချိုးပေးခြင်း၊ လက်သည်းညှပ်ပေးခြင်း၊ လမ်းကူလျှောက်ခြင်းများပြုလုပ်ကြကြောင်း၊ ဘုရားစေတီပုထိုး ဝန်းများအတွင်း သန့်ရှင်းရေးများပြုလုပ်ကြသောကြောင့် အမျိုးသမီးရေးရာအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု များ အားကောင်းကြောင်း၊ စေတနာမောင်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှာ အဖွဲ့ဝင်ဦးရေလည်းများပြားပြီး ကျေးရွာအတွင်းရှိကျေးရွာသူ/သားများ ကျန်းမာရေးအကြောင်းကြီးငယ်ကိစ္စရပ်များရှိပါက သွားရေး၊ လာရေး၊ ကူညီဆောင်ရွက်ပေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ကိုရီးယား | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |

| | | | |
|---|---|---|---|
| ၂ | Patch မြန်မာ | ၁☐ ၂☐၃ ☐၄ ☐ ၅ ☐ ၆☐ ၇☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ– ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ– Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ–GIZ, UK Aid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ– သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။</u>

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့ အစည်းများမှာ ကိုရီးယားငွေစုငွေချေးအဖွဲ့၊ Patchမြန်မာ ငွေစုငွေချေးအဖွဲ့တို့သာရှိကြောင်း သီးခြား ပြည်တွင်း/ ပြည်ပ ပရဟိတအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(ခ–၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၄၉ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | – | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | – | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၇၆ | တောင်သူလတ် |

| | | | |
|---|---|---|---|
| ၅ | ၁၂.၅ကေအထက် | ၂၁ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၅၄၆ | ☐ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ဒေါ်ကြီးကျေးရွာတွင် အိမ်ထောင်စု(၅၄၆)အနက် မြေယာမဲ့အိမ်ထောင်စု (၈၂)% စိုက်ပျိုးမြေယာကေ(၅)ကေနှင့် (၁၂.၅)ကေကြားပိုင်ဆိုင်သူတောင်သူလတ်အိမ်ထောင်စု (၁၄)%ရှိကြောင်း၊ စိုက်ပျိုးမြေယာကေ(၁၂.၅)ကေအထက်ပိုင်ဆိုင်သူ တောင်သူကြီးအိမ်ထောင်စု (၄)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | ရေသောက် (ကေ) | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ရာသီအလိုက်** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ ☐ မရှိ ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး ☐ရာသီအလိုက်☐ | ရှိ ☐ မရှိ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ ☐ မရှိ ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ ☐ မရှိ ☐ |
| ၅ | အဝီစိတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ ☐ မရှိ ☐ |
| ၆ | လက်ငင်ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ ☐ မရှိ ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ ☐ မရှိ ☐ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ | ရှိ ☐ မရှိ ☐ |

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။



**လေ့လာတွေ့ရှိချက်။** ။ ဒေါ်ကြီးကျေးရွာသည် ကိုင်းစိုက်ပျိုးရေးလုပ်ငန်းဖြစ်သော ပြောင်းစိုက်ခင်းများတွင် သုံးပွင့်ဆိုင်၊ ငါးပွင့်ဆိုင် စက်တွင်းများတူး၍ ရေအရင်းအမြစ်ကို အသုံးပြုကြပါသည်။ မြစ်ချောင်းအနီးအနားရှိ အိမ်ထောင်စုများမှာလည်းမြစ်/ချောင်းတို့မှ ရေအရင်းအမြစ်အသုံးပြုကြလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| **သီးနှံ** | **စုစုပေါင်း** | **တစ်ကေ အထွက်နှုန်း** | **သီးနှံ စိုက်ပျိုးသည့် ကာလ** | **သွင်းအားစု လိုအပ်ချက်** | **အမြတ်ရရှိနိုင်မှု** (မှန်ရာတစ်ခုကို |
|---|---|---|---|---|---|

| | စိုက်ကေ | ယူ နစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | (မှန်ရာတစ်ခုကို သာရွေးရန်) | သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| ပြောင်း | ၂၆၁ | တင်း | ၆၀ | ၈၀ | ၇၀ | ဇွန် | နိုဝင်ဘာ | မြင့် ☐လတ်☒ နိမ့် ☐ | မြင့် ☐လတ်☒ နိမ့် ☐ |
| | | | | | | | | | |
| | | | | | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင် ပြောင်းကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး ပြောင်း(၁)ကေ ပျမ်းမျှအထွက်နှုန်း (၇၀)တင်းနှုန်းဖြစ်ကြောင်း၊ သီးနှံများအတွက် ပုံ့ပိုးရသော သွင်းအားစုလိုအပ်ချက်မှာ ပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှုအကျိုးအမြတ်ရရှိမှုများမှာလည်း အသင့်အတင့်သာဖြစ်ကြောင်း၊ ပြောင်းကို အဓိကထား အားထားစိုက်ပျိုးရာဒေသဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၅ | - | - | - |
| လက်တွန်းထွန်စက် | ၉ | - | - | ၈၈ |
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |

| | | | | |
|---|---|---|---|---|
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၅ | - | - | ၉၂ |
| ရေစုပ်စက် | ၃၈ | - | - | ၃၈ |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာသည် ကိုင်းလုပ်ငန်းလုပ်ကိုင်ရာတွင် လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၅)စီး၊ လက်တွန်းထွန်စက်(၉)စီး၊ ခြွေလှေ့စက်(၅)စီး၊ ရေစုပ်စက်(၃၈)စီး ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများမရှိ၍ လက်တွန်းထွန်စက်အား ငှားရမ်းလုပ်ကိုင်နေသော အိမ်ထောင်စုအရေအတွက်(၈၈)အိမ်၊ ခြွေလှေ့စက်အားငှားရမ်း လုပ်ကိုင်နေသောအိမ်ထောင်စု အရေအတွက် (၉၂)အိမ်၊ ရေစုပ်စက်အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၃၈)အိမ်၊ ကျေးရွာမှ စုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်၊ အဖွဲ့ပိုင်စက်ကိရိယာများမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။



**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☒ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း ☐ ကောင်း ☒ သင့်တင့်မျှတ ☐ |

| | |
|---|---|
| စိုက်ပျိုးရေးအရင်းအမြစ် | ပေါမများ ☐ အသင့်အတင့်ရှိ ☒ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် ☒ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☒ |
| သဘာဝမြေဆွေး/သြော်ဂဲနစ်မြေသြဇာနှင့်အခြားသြော်ဂဲနစ်သွင်းအားအုပ်စုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရရှိနိုင်သည် ☒ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့်အခြားဓါတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရရှိနိုင်သည် ☒ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ☒ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ☒ |

ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်း ကောင်းများမှာ လယ်၊ကိုင်းအဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်ယာမြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ ဝယ်ယူရရှိ နိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်းတို့ဖြစ်ကြပါသည်။



**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ**

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား(၁၇)နှင့်(၁၈)ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီသြဇာမကောင်း ☐ ရာသီဥတုမမှန် ☐ |
| စိုက်ပျိုးရေးအရင်းအမြစ် | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ |

| | |
|---|---|
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☒<br>လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည် ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☒ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံဈေးကွက်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☒<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☒ အသင့်အတင့်ကျ☐အနည်းငယ်☐မဖြေဆိုပါ☐ |

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာ၏သီးနှံထုတ်လုပ်မှုအတွက် ပြဿနာအခက်အခဲများမှာ စိုက်ပျိုးရေးသုံးအရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိပြီး ထုတ်ချေးချိန်နောက်ကျခြင်းတို့ကြောင့် စပါးထွက်ရှိချိန်တွင် စပါး၊ ပြောင်းဈေးနှုန်းကျဆင်းနေသည့်အခါ အများစုသည် မိမိတို့ထုတ်ကုန်အား ထုတ်ရောင်းရသဖြင့် အကျိုးအမြတ်များစွာဆုံးရှုံးရခြင်း၊ အထွက်နှုန်းကောင်းသော၊ ရာသီမရွေးစိုက်ပျိုးနိုင်ကာ ဒေသနှင့်ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်မရှိသောကြောင့် သီးနှံအထွက်နှုန်းအလယ်အလတ်သာ ရှိခြင်းတို့ဖြစ်ကြပါသည်။



**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၉ | ၃၈ |

| | | |
|---|---|---|
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၅၉ | ၇၆ |
| ကြက် | ၇၉ | ၄၆၃ |
| ဘဲ | ၁ | ၁၅ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု (၁၉)အိမ် အကောင်ရေ(၃၈)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၅၉)အိမ် အကောင်ရေ (၇၆)ကောင်၊ ကြက်မွေးမြူသော အိမ်ထောင်စု(၇၉)အိမ် အကောင်ရေ(၄၆၃)ကောင်၊ ဘဲမွေးမြူသော အိမ်ထောင်စု (၁)အိမ် အကောင်ရေ(၁၅)ကောင်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



## (၂) မွေးမြူရေးကဏ္ဍတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါ်များ ☐ အသင့်အတင့် ☑ |
| ရေရရှိမှု | အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင် ☑ |

| | |
|---|---|
| မျိုးတိရိစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရိစ္ဆာန်များ လွယ်ကူစွာဝယ်ယူရနိုင် ☐<br>မျိုးကောင်းတိရိစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ☒ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေအသင့်အတင့်ရနိုင် ☒ |
| သွင်းအားစု(မွေးမြူရေးအစာဆေးစသည်) ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများဝယ်ယူနိုင်သည် ☒ |
| ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူရ နိုင်သည်☐<br>နည်းပညာဝန်ဆောင်မှုများရနိုင်သည်☒ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကိုရောင်းချနိုင်သည် ☒ |
| အိမ်ခြံဝန်းအတွင်း မြေနေရာလုံလောက်မှု | အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ☒ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား | အလွန်ကောင်း ☐ ကောင်း☐ သင့်တင့်မျှတ ☒ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | ဝယ်ယူရရှိနိုင်သည် ☒<br>လိုသလောက်လွယ်ကူစွာဝယ်ယူရနိုင်သည် ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐<br>ချေးငွေရနိုင်သည် ☒ |
| သွင်းအားစုလက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သွင်းအားစုများဝယ်ယူနိုင်သည် ☒ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည် ☐<br>နည်းပညာဝန်ဆောင်မှုများရနိုင်သည်☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကိုရောင်းချနိုင်သည် ☒ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူသည် ☐ အသင့်အတင့်လွယ်ကူသည် ☒ |



ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူခြင်းကို အိမ်တိုင်းလိုလိုမွေးမြူကြပါသည်။ ငါးလုပ်ငန်းနှင့်ပတ်သက်၍ မြစ်ထဲတွင် ဟင်းစား အဖြစ်ရှာဖွေစားသောက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| **ပြဿနာနှင့်** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံး<u>တစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ |
|---|---|

| အခက်အခဲများ | နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေရှားပါသည် ☒ စားကျက်မြေလုံးဝမရှိပါ ☐ |
| ရေရရှိမှု | ရေရှားပါးသည် ☐ ရေလုံးဝမရှိပါ ☐ |
| မျိုးတိရိစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရိစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☒ မျိုးကောင်းတိရိစ္ဆာန်များ လုံးဝဝယ်ယူမရပါ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာမရနိုင်ပါ ☒ ချေးငွေလုံးဝမရပါ ☐ |
| သွင်းအားစု(မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☒ သွင်းအားစုများလုံးဝဝယ်ယူမရပါ ☐ |
| ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရနိုင်ပါ☒ နည်းပညာဝန်ဆောင်မှုများမရပါ ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☒ ထုတ်ကုန်များကိုမရောင်းချနိုင်ပါ ☐ |
| အိမ်ခြံဝန်းအတွင်းမြေ နေရာလုံလောက်မှု | အလုံအလောက်မရှိပါ ☒ လုံးဝမရှိပါ ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | ရေမြေအနေအထားမကောင်းပါ ☐ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူမရပါ ☒ လုံးဝဝယ်ယူမရပါ ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေမရပါ ☒ လုံးဝချေးငွေမရပါ ☐ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရပါ ☒ သွင်းအားစုများဝယ်ယူမရပါ ☐ |
| နည်းပညာအကူအညီ နှင့်နည်းလမ်းများ | နည်းပညာ ဝန်ဆောင်မှုများ အလွယ်တကူမရပါ ☐ နည်းပညာဝန်ဆောင်မှုများမရပါ ☒ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☒ ထုတ်ကုန်များကိုလုံးဝမရောင်းချနိုင်ပါ ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူပါသည် ☐ မလွယ်ကူပါ ☒ |



ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု၊ (၂) မြို့နယ် မွေး/ကုဦးစီးဌာန ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်၊ နွားမွေးမြူရေးကဏ္ဍတွင် စီးပွားဖြစ်မွေးမြူကြခြင်းမဟုတ်သော်လည်း အိမ်တိုင်းနီးပါးက မိမိတို့မိသားစု စားသောက်ရန်နှင့် အပိုငွေရရှိရန် တစ်နိုင်တစ်ပိုင် မွေးမြူကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ–၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

(၁) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံး<u>တစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား ၂၂ နှင့် ၂၃ ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ |
|---|---|
| လုပ်အားအင်အား ရရှိနိုင်မှု | များ ☐ အသင့်အတင့် ☒ |
| လယ်ယာသားငါး ထုတ်ကုန်မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်ကောင်းရှိသည် ☒ ဈေးကွက်အသင့်အတင့် ☐ |
| ဈေးကွက်ဆိုင်ရာအသိအမြင် ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည် ☐<br>သင့်အတင့်နားလည်သည် ☒ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ကောင်း ☐ သင့် ☒ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကောင်း ☐ သင့် ☒ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ကောင်း ☐ သင့် ☐ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐<br>ချေးငွေရနိုင်သည် ☒ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား/အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုရရှိ ခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐<br>နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည် ☐ |
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော (သို့မ ဟုတ်) အသက်မွေးဝမ်းကျောင်း ပြုနိုင် သော ပညာတစ်ခုခုကို တတ်မြောက်မှုအခြေ အနေ | ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☒ |
| အလုပ်အကိုင်အခွင့်အလမ်း | များ ☐ အသင့်အတင့် ☒ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာသည်ဟသ်ာတမြို့နှင့် ဇလွန်မြို့နယ်ကြားတွင်တည်ရှိပြီးကျေးရွာကုန် စည်ကူးသန်းရောင်းဝယ်မှုအားကောင်းခြင်း၊ ကျေးရွာသည် အိမ်ခြေလူဦးရေများပြားပြီး အခြေခံအဆောက်အဦ ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းလည်းရှိခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး လည်းရှိခြင်း၊ ဒေါင့်ကြီးဈေးရှိခြင်း၊ မီးသတ်ရုံးလည်းရှိခြင်း၊ မြို့နှင့်ဆက်သွယ်ရေးကောင်းမွန်ခြင်း၊လျှပ်စစ်မီး ရရှိခြင်းတို့ကြောင့် စိုက်/မွေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းရှင်များအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါ်များကြောင်း လေ့လာတွေ့ရှိရပါသည်။



### (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံး<u>တစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား ၂၂ နှင့် ၂၃ ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ |
|---|---|
| လုပ်အားအင်အား ရရှိနိုင်မှု | ရှားပါး ☒ လုံးဝမရှိ ☐ |
| လယ်ယာသားငါး ထုတ်ကုန်မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချ ရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း ☐ ဈေးကွက်မရှိ ☐ |

| | |
|---|---|
| ဈေးကွက်ဆိုင်ရာအသိအမြင် ရှိခြင်း | ဈေးကွက်အခြေအနေကိုကောင်းစွာနားမလည် ☐<br>လုံးဝနားမလည် ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ ☐ အလွန်ညံ့ ☒ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှုနည်းသည် ☒ ကုန်ကြမ်းမရှိပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရပါ ☐ လုံးဝမရပါ ☒ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ☒<br>ချေးငွေမရပါ ☐ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုရရှိ ခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူမရပါ ☐<br>နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝမရပါ☒ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြု နိုင်သော ပညာတစ်ခုခုကို တတ်မြောက် ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်းမရှိ ☐ လုံးဝမတတ်☐ |
| အလုပ်အကိုင်အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း☒<br>လုပ်အကိုင်အခွင့်အလမ်းမရှိ ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာသည် လျှပ်စစ်မီးလင်းပြီးကျေးရွာဖြစ်သော်လည်း ကျေးရွာအိမ်ခြေများပြားမှုကြောင့်လည်းကောင်း၊ မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်ထားသည်မှာ ကြာမြင့်မှုကြောင့်လည်းကောင်း၊ မီးတိုင်များဟောင်းနွမ်းနေခြင်း၊ မီးကြိုးများဟောင်းနွမ်းနေခြင်း၊ မီးအားမကောင်းခြင်းတို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| စဉ် | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | 'ရွှေ့ပြောင်းသွားလာနေထိုင်သူ' | ၂၁ | - | - | - | ၁၅ | ၁၆ | ၃၁ | ၁၅ | ၁၆ | ၃၁ |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | တစ်ဦးအနည်းဆုံး ရှိသောအိမ်ထောင်စုနှင့် လူဦးရေ | | | | | | | | | |
| ၂ | ကျေးရွာပြင်ပသို့ရွှေ့ပြောင်းမှုကာလ | | | | | | | | | |
| | ၃ လ အထိ | - | - | - | - | - | - | - | - | - |
| | ၆ လ အထိ | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထိ | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထက် | - | - | - | ၁၅ | ၁၆ | ၃၁ | ၁၅ | ၁၆ | ၃၁ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

မှတ်ချက်။ ။ ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒပါမှု မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည်ဖြစ်စေကာမူ
မူလဌာနေဒေသတစ်ခုမှနိုင်ငံခြားသို့ဖြစ်စေ၊ပြည်တွင်းတစ်နယ်တစ်ကြေး သို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **'ရွှေ့ပြောင်းသွားလာနေထိုင် သူ'** ဟု သတ်မှတ်သည်။ နိုင်ငံတော်တာဝန်၊ အဖွဲ့အစည်းတာဝန်ဖြင့် ရွှေ့ပြောင်းအခြေချနေရသူများသည်လည်း ဤဇယားတွင် အကျုံး ဝင်ပါသည်။ သားသမီးနှင့် ဆွေမျိုးများထံတွင် ခိုလှုံရန်၊ မှီခိုရန် သွားရောက်အခြေချနေသော၊ ကျန်းမာရေးအရ အမြဲတမ်း ရွှေ့ပြောင်းနေထိုင်သောပုဂ္ဂိုလ်များသည် ဤဇယားတွင် အကျုံးဝင်ပါသည်။ ခေတ္တပညာသွားရောက်သင်ကြားနေသူများ၊ ခေတ္တ ကျန်းမာရေး ကုသမှု ခံယူနေသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခင်က ရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည်အခြေချနေထိုင်လျှက်ရှိသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီသွားနေသူများသည်လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

**လေ့လာတွေ့ရှိချက်။ ။** ဒေါင့်ကြီးကျေးရွာတွင် ထိုင်းနိုင်ငံနှင့် မလေးနိုင်ငံတို့၌ သွားရောက်လုပ်ကိုင်နေသောအိမ်ထောင်စု(၂၁)အိမ်ရှိကြောင်း၊ ကျား(၁၅)ဦး၊ မ(၁၆)ဦး၊ စုစုပေါင်း(၃၁)ဦးရှိကြောင်း၊ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့်ကာလမှာ (၁၂)လအထက် အိမ်ထောင်စုများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



## (ဂ-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၃၁ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | - |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထား ခြင်း/ | - |

| | ဖြေဆိုလိုခြင်းမရှိ | |
|---|---|---|

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။** ဒေါင့်ကြီးကျေးရွာတွင် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်းမှာ ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရရှိ၍ မိသားစု၏စားဝတ်နေရေး အတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့မှုများပေးနိုင်ရန်အတွက် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဂ-၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စုအရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၁ | - | ၂၁ | - |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း(ဟွန်ဒီ) | - | | | |
| | - ခ။ ဘဏ် | ၂၁ | ☐ | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | - | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဒေါင့်ကြီးကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူများ၏ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု(၂၁)စုရှိပြီး ပြန်ပို့ငွေကို ဇလွန်မြို့ရှိ ပုဂ္ဂလိကဘဏ်များမှ ငွေထုတ်ယူလေ့ရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။



### (ဃ) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး**<br>(အနီးဆုံး <u>တစ်ခုကိုသာဖော်ပြပါရန်</u>) | **အကြီးစားဈေးကွက်**<br>(<u>အဓိကတစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ဇလွန်ဈေး | ဟင်္သာတဈေး |
| **ရွာမှအကွာအဝေး (မိုင်)**<br>**(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☒<br>၅ မှ ၁၀ မိုင် ☐ ၁၀ မှ ၁၅ မိုင် ☐<br>၁၅ မိုင် အထက် | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☒<br>၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင် အထက် ☐ |

| | | |
|---|---|---|
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်☐စက်ဘီး☐ဆိုင်ကယ် ☒ ကား/ထော်လာဂျီ ☒ရထား ☐ သုံးဘီးဆိုင်ကယ် ☐လှေ ☐စက်လှေ☐ | ခြေလျင်☐စက်ဘီး☐ဆိုင်ကယ် ☒ ကား/ထော်လာဂျီ ☒ရထား ☐ သုံးဘီးဆိုင်ကယ် ☐လှေ ☐စက်လှေ☐ |
| **ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု(<u>အနည်းဆုံးတစ်ခု နှင့်အထက်</u> ရွေးနိုင်သည်။)** | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☒ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☒ အဝတ်အထည်☒ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☒ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☐ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☒ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☒ အဝတ်အထည်☒ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☒ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☒ |
| **ဈေးအခြေခံအဆောက်အဦ** | ကောင်း ☐ သင့် ☒ ညံ့☐ | ကောင်း ☐ သင့် ☒ ညံ့☐ |
| **ဝန်ဆောင်မှု** | ကောင်း ☐ သင့် ☒ ညံ့☐ | ကောင်း ☐ သင့် ☒ ညံ့☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၅)မိုင် ကွာဝေးသော အနီးဆုံးဈေး "ဇလွန်ဈေး'သို့ သွားလာကြပြီး စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ပါသည်။ ဆိုင်ကယ်၊ ကား/ထော်လာဂျီတို့ဖြင့် အများဆုံးသွားလာကြပါသည်။ ဒူးယားဈေးသို့လည်း သွားရောက်ဝယ်ယူကြပါသည်။ ဒေါင့်ကြီးကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၁၆)မိုင်အထက်ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ ကား/ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာကြကြောင်း၊ စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။



**(င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း**

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲမ ဂျာတား |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ ဖြိုးရေးဘဏ်/ မြန်မာ့စိုက်ပျိုး | ကာလတိုချေးငွေ☒ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐ | ၃-၆လအတွင်း☒ ၆လမှတစ်နှစ်ထိ☐ တစ်နှစ်နှင့်အထက် | အတိုးမဲ့☐ ၁ မှ ၂%☒ ၂ မှ ၅%☐ ၅ မှ ၁၀%☐ | လိုအပ်သည် ☐ မလိုအပ်ပါ☒ | ရှိသည်☐ နည်းသည် ☒ မရှိပါ ☐ |

| | | | | | |
|---|---|---|---|---|---|
| ရေးဘဏ်) | | | ၁၀% ထက်☐ | | |
| သမဝါယမအသင်း | ကာလတိုချေးငွေ☒<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-ဖလအတွင်း☐<br>ဖလမှတစ်နှစ်ထိ☒<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐<br>၁ မှ ၂%☒<br>၂ မှ ၅%☐<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည်<br>☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်<br>☐<br>မရှိပါ ☒ |
| ပုဂ္ဂလိကအသေး<br>စားချေးငွေဝန်<br>ဆောင်မှုကဏ္ဍ<br>(ကိုရီးယား) | ကာလတိုချေးငွေ☒<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-ဖလအတွင်း☐<br>ဖလမှတစ်နှစ်ထိ☒<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐<br>၁ မှ ၂%☒<br>၂ မှ ၅%☐<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည်<br>☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်<br>☐<br>မရှိပါ ☒ |
| ပုဂ္ဂလိကအသေး<br>စားချေးငွေဝန်<br>ဆောင်မှုကဏ္ဍ<br>(UNDP) | ကာလတိုချေးငွေ☒<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-ဖလအတွင်း☐<br>ဖလမှတစ်နှစ်ထိ☒<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐<br>၁ မှ ၂%☒<br>၂ မှ ၅%☐<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည်<br>☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်<br>☒<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ☒<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☒<br>၃-ဖလအတွင်း☐<br>ဖလမှ တစ်နှစ်ထိ☐<br>တစ်နှစ်အထက်☐ | အတိုးမဲ့☐<br>၁ မှ ၂%☐<br>၂ မှ ၅%☒<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည်<br>☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်<br>☐<br>မရှိပါ ☒ |
| မိတ်ဆွေနှင့်ဆွေမျိုး<br>များ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☒ | နေ့စဉ်☐<br>လစဉ်☐<br>၃-ဖလအတွင်း☐<br>ဖလမှ တစ်နှစ်ထိ☐<br>တစ်နှစ်အထက်☒ | အတိုးမဲ့☐<br>၁ မှ ၂%☐<br>၂ မှ ၅%☒<br>၅ မှ ၁၀%☐<br>၁၀% ထက်☐ | လိုအပ်သည်<br>☐<br>မလိုအပ်ပါ☒ | ရှိသည်☐<br>နည်းသည်<br>☐<br>မရှိပါ ☒ |



ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။ မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ **ကာလတိုချေးငွေ** ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ၊</u> **ကာလလတ်ချေးငွေ** ဆိုသည်မှာ <u>၃ နှစ်မှ ၅ နှစ်အထိ၊</u> **ကာလရှည်ချေးငွေ** ဆိုသည်မှာ ၅ <u>နှစ်မှ ၁၀ နှစ်အထိ</u> ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာရှိ ကိုင်းသမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်းပြား၈၀)၊ ကျေးရွာ၏ (၃ပုံ၂ပုံ)ခန့်လောက်သည် ကိုရီးယားချေးငွေ (အတိုးနှုန်း ၁.၅ကျပ်)နှင့် UNDP ချေးငွေ(အတိုးနှုန်း ၂.၅ကျပ်)များကို ချေးယူသုံးစွဲကြသည်။ ငွေတိုးချေးသူထံမှ (အတိုးနှုန်း ၅ကျပ်တိုး)ဖြင့် ချေးယူသူလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား(၂၉)ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

| အကြောင်းအရာ | အန္တရာယ်ရှိမှု |
|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် ☐ လတ် ☐ နိမ့် ☒ |
| အပင်မျိုးစိတ်များ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | မြင့် ☒ လတ် ☐ နိမ့် ☐ |
| ရေအရင်းအမြစ် | မြင့် ☐ လတ် ☐ နိမ့် ☒ |
| ငါးမျိုးကွဲများ | မြင့် ☐ လတ် ☐ နိမ့် ☒ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် ☐ လတ် ☐ နိမ့် ☒ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် ☐ လတ် ☐ နိမ့် ☒ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များစီမံ ခန့်ခွဲမှုစနစ်၌ လယ်နှင့်ကိုင်းအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်နှင့်ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအားမြေစာအဖြစ် ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်း စနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့် သီးသန့်နေရာ စီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှု အန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှု ဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေသြဇာသုံးစွဲမှုနည်းပါးပြီး အလွယ်တကူအသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များ ရရှိရေး လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၆၄ | ၇၅ | ၁၃၉ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၅၆၀ | ၅၉၁ | ၁၁၅၁ |

| | | | |
|---|---|---|---|
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၄၅၁ | ၅၆၀ | ၁၀၁၁ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၄၈ | ၆၈ | ၁၁၆ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၂၀ | ၁၅ | ၃၅ |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီခြင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမပြုဘဲ လေ့လာတွေ့ရှိချက်ကိုသာ မှတ်ချက်အနေဖြင့် ဖော်ပြရန်ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆို သည်မှာ တစ်ဦးတစ်ယောက်၏ဘဝတွင်သင်ယူလေ့လာခဲ့သောနောက်ဆုံးပညာရေးအဆင့်/အခြေအနေကို ဆိုလိုပါသည်။

ဥပမာ – **ယခု စာရင်းကောက်ယူချိန်တွင်** အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေ သည်ပါက **'အလယ်တန်းအဆင့်ရှိသူဦးရေ'** တွင်လည်းကောင်း၊ တတိယတန်း (Grade 3) တွင် ပညာသင်ကြားနေပါက (သို့မဟုတ်) **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ–ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုပါက **'မူလတန်းအဆင့်ရှိသူဦးရေ'** တွင်သာ ထည့်သွင်းရပါမည်။ **'ဘုန်းကြီးကျောင်းသင် ပညာရေး (ဘက–ကျောင်း)'** ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲဖြစ်ပါက သက်ဆိုင်ရာပညာရေးအဆင့်အလိုက် ထည့်သွင်းရပါမည်။ စတုတ္ထတန်း (Grade4) အောင်မြင်ပြီး အလယ်တန်းပညာဆက်လက် သင်ကြားခြင်းမရှိပါက **'မူလတန်း အဆင့်ရှိသူဦးရေ'**တွင်သာ ထည့်သွင်းရပါမည်။ အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝမတတ်ပါက **'စာမတတ်သူဦးရေ'** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ဒေါင့်ကြီးကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၆၄)ဦး၊ မ(၇၅)ဦး၊ စုစုပေါင်း (၁၃၉)ဦး၊ (၆)%ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၅၆၀)ဦး၊ မ(၅၉၁)ဦး၊ စုစုပေါင်း (၁၁၅၁)ဦး၊ (၄၇)%ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၄၅၁)ဦး၊ မ(၅၆၀)ဦး၊ စုစုပေါင်း(၁၀၁၁)ဦး၊ (၄၁)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၄၈)ဦး၊ မ(၆၈)ဦး၊ စုစုပေါင်း(၁၁၆)ဦး၊ (၅)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၂၀)ဦး၊ မ(၁၅)ဦး၊ စုစုပေါင်း(၃၅)ဦးရှိကြောင်း၊ ကျေးရွာတွင် မူလတန်း အဆင့်ရှိသူများပြားပြီး ဘွဲ့ရပညာတတ်နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ဆ–၂) ကျောင်းတတ်နှုန်း**

ဇယား (၃၁) ကျောင်းတတ်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|

| | | | |
|---|---|---|---|
| မူလတန်း | ၁၅၅ | ၁၃၄ | ၂၈၉ |
| အလယ်တန်း | ၁၆၆ | ၁၃၂ | ၂၉၈ |
| အထက်တန်း | ၃၀ | ၃၄ | ၆၄ |
| တက္ကသိုလ်/ကောလိပ် | ၁၁ | ၁၈ | ၂၉ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက်ကသိုလ်/ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင်‘**ဘုန်းကြီးကျောင်းသင်ပညာရေး’** ကို သင်ယူဆည်းပူး **သတ်မှတ်ချက်များနှင့်အညီ** သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား(၁၅၅)ဦး၊ မ(၁၃၄)ဦး၊ စုစုပေါင်း(၂၈၉)ဦး၊ (၉၇)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၁၆၆)ဦး၊ မ(၁၃၂)ဦး၊ စုစုပေါင်း(၂၉၈)ဦး၊ (၈၈)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၃၀)ဦး၊ မ(၃၄)ဦး၊ စုစုပေါင်း(၆၄)ဦး၊ (၅)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၁၁)ဦး၊ မ(၁၈)ဦး၊ စုစုပေါင်း(၂၉)ဦး၊ (၂)%တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၃၂)     စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | ကျောင်းအဆင့် | | |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☒ မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☒ အထက်တန်း☐ | | |
| **ခ။** ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☒ စက်ဘီး ☒<br>ဆိုင်ကယ် ☐ ကား ☐ | | |
| **ဃ။**စာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ) | ၆၀’x၁၂၀’၊ ၈၀’x၄၀’၊ ၆၀’x၁၂၀’၊ ၈၀’x၄၀’ | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ☐ သင့် ☒ ညံ့ ☐ | | |
| စ။ ကျောင်းသုံးပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☒ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☒ ညံ့ ☐ မရှိ ☐ | | |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☒<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၄ | ၁၉ | ၂၃ |
| ကျေးရွာခန့် | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။     ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင် ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား×အနံ) သည် စာသင်ကျောင်းတစ် ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။**     ။ဒေါင့်ကြီးကျေးရွာ**တွင် Unicefမှ တည်ဆောက်ပေးခဲ့သော**(၆၀’x၁၂၀’) အတိုင်း အတာရှိ **(အ.မ.က)ဒေါင့်ကြီးတောင်ကျောင်း၊** (၈၀’x၄၀’) အတိုင်းအတာရှိ (အ.မ.က)လက်ခုပ်တန်း မြောက်ပိုင်းကျောင်း၊ **(အ.မ.က)ဒေါင့်ကြီးကျောင်းနှင့်** (၆၀’x၁၂၀’)နှင့် (၈၀’x၄၀’)**အတိုင်းအတာရှိ (အ.ထ.ကခွဲ)ဒေါင့်ကြီးကျောင်းတို့ရှိကြောင်း၊ (အ.မ.က)လက်ခုပ်တန်းမြောက်ပိုင်းကျောင်းတွင် ကျောင်းသား/ ကျောင်းသူဦးရေ(၁၂၉)ဦးရေရှိသောကြောင့် လက်ရှိကျောင်းဆောင်မှာ လုံလောက်ပြည့်စုံမှုမရှိသဖြင့် KG ကျောင်း ဆောင်သစ် တည်ဆောက်ရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။** ကျောင်းဆောင်များမှာ သွပ်မိုး၊

အုတ်ကာ၊ အင်္ဂတေခင်းကျောင်းဆောင်များဖြစ်ကြောင်း၊ ကျောင်းအိမ်သာမှာလည်း ကောင်းမွန်ပြီး ဆရာ/ဆရာမ များ၊ကျောင်းသား/သူများအတွက် လုံလောက်မှုရှိကြောင်း၊ ကျောင်းဆရာ/ဆရာမစုစုပေါင်း ကျောင်းဆရာ(၂)ဦး၊ လုပ်သားကျား(၂)ဦး၊ ကျောင်းဆရာမနှင့်စာရေးဝန်ထမ်း(၁၉)ဦး၊ စုစုပေါင်း(၂၃)ဦးတို့ရှိပြီး ဆရာ၊ တပည့် အချိုးကိုက်ညီမှုရှိကြောင်း၊ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများမှာလည်း ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းဆောင်ဝန်းအတွင်းတွင် ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင်စေရန်၊ သွက်လက်ထက်မြက်စေရန်၊ ကလေးငယ်များ အားကစားပြုလုပ်ရန် မြေနေရာကွက်လပ်လည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာ**

ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☒ မလုံလောက် ☐ |
| တပည့် – ဆရာ အချိုး | ၄၀ : ၁ အောက် ☐ ၄၀ : ၁ အောက် ☒ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☐ လတ် ☐ များ ☒ |
| မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☒ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☒ မလုံလောက် ☐ |
| ဆင်းရဲသောမိသားစုများအတွက်ကျောင်းစရိတ် မတက်နိုင်မှု | မြင့် ☐ အသင့်အတင့် ☒ |
| ကျောင်းအားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ နည်း ☒ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☐ သင့် ☒ ညံ့ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ ကျား(၂၈)ဦး၊ မ(၂)ဦး၊ စုစုပေါင်း (၃၀)ဦးဖြင့် ဖွဲ့စည်းထားသော မိဘဆရာအသင်းရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိကြောင်း၊ ကျောင်းတွင် ကျောင်းဆရာ/မလုံလောက်မှုရှိကြောင်း၊ မိသားစုစားဝတ်နေရေးအရသော်လည်းကောင်း (သို့မဟုတ်) ကျောင်းသူ/ကျောင်းသားတို့၏ စိတ်ဝင်စားမှုအားနည်းမှုတို့ကြောင့်လည်းကောင်း မူလတန်းအဆင့်ဖြင့် ကျောင်း ထွက်နှုန်းဦးရေများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၉) ကျန်းမာရေးနှင့် အာဟာရ

## (၉-၁) အဖြစ်များသော ရောဂါများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

| စဥ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ နိမ့် ☒ မရှိ ☐ |
| ၃ | ငှက်ဖျား | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | HIV,AIDS,လိင်မှတစ်ဆင့်ကူးစက်နိုင်သောရောဂါ | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၆ | တီဘီ | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၇ | ဆီးချို | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | သွေးတိုး | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၉ | အသဲရောဂါ (ဘီ၊စီ) | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် ☐ နိမ့် ☐ မရှိ ☒ |
| ၁၁ | အခြားကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ☒ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ဒေါင့်ကြီးကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှု နည်းပါးကြောင်း၊ ရာသီချိန်များတွင် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး စသည့် ရောဂါ ဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာအတွင်းတွင် ဒေါင့်ကြီး တိုက်နယ်ဆေးပေးခန်းရှိခြင်း၊ ကျေးရွာနှင့် (၃)မိုင်ခန့်အကွာတွင် ဒူးယားတိုက်နယ်ဆေးရုံရှိခြင်း၊ (၅)မိုင်အကွာ ဇလွန်မြို့နယ်တွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိသောကြောင့် ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းစွာရရှိပြီး အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၅)လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဥ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | **ရှိ** | **မရှိ** |
|---|---|---|---|
| ၁ | အဆုပ်ရောဂါ | | ☒ |
| ၂ | ဆံ့ဆို့ကြက်ညှာ၊မေးခိုင်နှင့် အသည်းရောင်အသားဝါ | | ☒ |
| ၃ | ပိုလီယိုရောဂါ | | ☒ |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း) | ☒ | |
| ၅ | ဝက်သက်ရောဂါ | | ☒ |
| ၆ | အခြား စပေါင်းကာကွယ်ဆေး ထိုးနှံမှု | ☒ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ☒ |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ☒ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေး ထိုးနှံခြင်းများနှင့် အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး(မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ ☒ |
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☒<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☒<br>မရှိ ☐ |
| မြို့နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☒<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☒<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင်ရှိသည် ☐<br>ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင်မရှိပါ ☐ | ဆေးဆိုင်တွင်ဆေးဝါးများကို စနစ်တကျသိုလှောင်ထားသည် ☐<br>ဆေးဆိုင်တွင်ဆေးဝါးများကိုစနစ်တကျသိုလှောင်ထားခြင်းမရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလကကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာအတွင်းတွင် ဒေါင့်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ ကျေးရွာနှင့်(၃)မိုင်ခန့်အကွာတွင် ဒူယားမြို့နယ်တွင် ဒူးယားတိုက်နယ်ဆေးရုံရှိပြီး ဆေးရုံအတွင်းတွင် အခန်း၊ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့် (၅)မိုင်အကွာတွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင် ပြည့်စုံလုံလောက်မှု ရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဒေါင့်ကြီးကျေးရွာတွင် ဖွဲ့စည်းထားသောအမျိုးသမီးရေးရာအဖွဲ့ဝင်များမှာ ကလေးများအား ဦးဆောင်၍ ကျေးရွာအတွင်းတစ်ပတ်တစ်ခါအမှိုက်ကောက်ကြကြောင်း၊ သက်ကြီးရွယ်အိုများအားရေချိုးပေးခြင်း၊ လက်သည်းညှပ်ပေးခြင်း၊

လမ်းကူလျှောက်ခြင်းများပြုလုပ်ကြကြောင်း၊ စေတနာမောင်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှာလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ ကျန်းမာရေးအကြောင်းကြီးငယ်ကိစ္စရပ်များရှိပါက သွားရေး၊ လာရေး၊ ကူညီဆောင်ရွက်ပေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိမှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျစမ်းသပ်စစ်ဆေးထားမှု ရှိပါက 'ရှိ'၊ မရှိပါက 'မရှိ') | **ရေ အရည်အသွေး** (သောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားမှုတွင် 'ရှိ' ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ 'မရှိ' ဟုဖြေဆို ထားပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့်လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | - | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | ၈၅ | ရှိ ☐ မရှိ ☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ တုံကင် | ၄၀၆ | ရှိ ☐ မရှိ ☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| မိုးရေ သိုလှောင်ကန် | - | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | ၅၅ | ရှိ ☐ မရှိ ☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| ရေကန် | - | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | - | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာ၏သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်) အသုံးပြုသူအိမ်ထောင်စု (၈၅)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု (၂၉၈)အိမ်ရှိကြောင်း၊ မြစ်ချောင်းမှသော်လည်းကောင်း၊ အိမ်းနီးချင်းတုံကင်တွင်းများမှ ပေါင်းစပ်အသုံးပြုသူအိမ်ထောင်စု (၁၀၈)အိမ်ရှိကြောင်း၊ တုံကင်တွင်းနှင့် မြစ်ချောင်းတို့မှ နွေ၊ မိုး၊ ဆောင်း ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ–၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာအမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | – |
| ရေလောင်း/ ယင်လုံအိမ်သာ | ၅၀၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | – |
| တွင်းမရှိ အိမ်သာ | – |
| အိမ်သာမရှိ | ၄၆ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင်သန့်ရှင်းသောယင်လုံအိမ်သာအသုံးပြုသူအိမ်ထောင်စု(၅၀၀)အိမ်၊ (၉၂)%ရှိကြောင်း၊ ကျေးရွာရှိနေအိမ်များမှာ တာတွင်း၊ တာပြင် နှစ်ခြမ်းဖြစ်သောကြောင့် တာအပြင်ဘက်ရှိ အိမ်ထောင်စု(၄၆)အိမ်၊ (၈)%တို့မှာ အိမ်သာအသုံးမပြုကြဘဲ တောတိုး၍အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ည) ကျား–မ ရေးရာ**

ဇယား (၃၉) ကျား–မ ရေးရာ

| စဉ် | ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူ များမှ မှန်သည်ဟု ယူဆသော တစ်ခုကိုရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☒ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများ တွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ ☒ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်းကျေးရွာအတွင်းရှိမိန်းကလေးများ/ အမျိုးသမီးများအားသံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☒ |
| ၄ | အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက်ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက်လူထု၏အသိအမြင်ရှိမှု | ရှိ ☒ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာရှိ ကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာသူကျေးရွာသားများ ထိုက်သင့်သလောက်အသိမြင်ရှိပါကြောင်း၊ အမျိုးသမီးများမှာ အမျိုးသားများနှင့် ရင်ဘောင်တန်း၍ ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄)　　အခြေခံ အဆောက်အဦများ အခြေအနေ**

**(၄-၁)　ကျေးရွာ၏ လမ်းတည်ရှိမှု**

ဇယား (၄၀)　　ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| တာလေးတန်းလမ်း | ၁☐ ၂☐<br>၃☐ ၄☒<br>၅☐ ၆☐ | ကောင်း☐<br>သင့်☒<br>ညံ့☐ | ၆လမှ ၁နှစ်☐<br>၂နှစ်မှ ၅နှစ်☐<br>၅နှစ် အထက်☒ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင်☒<br>၁-၅ မိုင်☐<br>၅-၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ကွက်သစ်လမ်း | ၁☒ ၂☐<br>၃☐ ☐<br>၅☐ ၆☐ | ကောင်း☐<br>သင့်☐<br>ညံ့☒ | ၆လမှ ၁နှစ်☐<br>၂နှစ်မှ ၅နှစ်☐<br>၅နှစ် အထက်☒ | ပွင့်လင်းရာသီ☒<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင်☒<br>၁-၅ မိုင်☐<br>၅-၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ညောင်လေးပင်လမ်း | ၁☐ ၂☐<br>၃☐ ၄☒<br>၅☐ ၆☐ | ကောင်း☐<br>သင့်☒<br>ညံ့☐ | ၆လမှ ၁နှစ်☐<br>၂နှစ်မှ ၅နှစ်☐<br>၅နှစ် အထက်☒ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင်☒<br>၁-၅ မိုင်☐<br>၅-၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း-၁၊ကျောက်ခင်းလမ်း-၂၊ ကျောက်ချောလမ်း-၃၊ ကွန်ကရစ်-၄၊ ကတ္တရာလမ်း-၅၊ ကျောက်ပြားလမ်း-၆

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာတွင် ဒေါင့်ကြီးတိုက်နယ်၊ ဒေါင့်ကြီးအုပ်စုအတွင်းတွင်တည်ရှိပြီး ကျေးရွာအတွင်းရှိ တာလေးတန်းရပ်ကွက်လမ်းပိုင်းနှင့် ညောင်လေးပင်လမ်းပိုင်းတို့မှာ ကွန်ကရစ်လမ်းဖြစ်ပြီး နှစ်ကြာမြင့်ပြီဖြစ်ပြီး ရေရှည်အသုံးပြုရန်ခိုင်ခံ့မှုမရှိသည့်အတွက် ကွန်ကရစ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊ ကွက်သစ်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် ရာသီမရွေးဆက်သွယ်သွားလာမှုမပြုနိုင်ခြင်း၊ အဓိကအားဖြင့် ကျောင်းသား/ကျောင်းသူများ၊ သက်ကြီးရွယ်အိုများ သွားရေးလာရေး အခက်အခဲများရှိခြင်းတို့ကြောင့် ချောင်းကျောက်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများ ပြုလုပ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု

| တံတား<br>အမျိုးအစား | အရွယ်အစား<br>(အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်<br>ခဲ့သောနှစ် | ရာသီအလိုက်<br>သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ကျေးရွာချင်း<br>ဆက်တံတား | ၁၅၀’x၈’x၃၀’ | ကောင်း ☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☒<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☒<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ်<br>တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား<br>တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာတွင် ဒေါင့်ကြီးကျေးရွာနှင့် အရှေ့ဘက်ကမ်းသို့ ဆက်သွယ်ထားသော (၁၅၀’x၈’x၃၀’)အတိုင်းအတာရှိ ကိုယ်ထူကိုယ်ထတံတားရှိရာ အဆိုပါတံတားမှာ ဆက်သွယ်ရေးတံတားကြီး ဖြစ်ပြီး ခိုင်ခံ့မှုအားနည်းနေသောကြောင့် အုတ်ဘောင်အားအခိုင်အမာကွန်ကရစ်တည်ဆောက်ခြင်းအား လုပ်ဆောင ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် Â ခြစ်ပါ။)

| **သယ်ယူပို့ဆောင်ရေး** | **အကွာအဝေး(မိုင်)** | **ယာဉ်အမျိုးအစား** | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☒ | ၁☐ ၂☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☒ | ၁☐ ၂☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ။ ၁ “ လှေ၊ သမ္ဗာန်၊ ၂– စက်လှေ၊ ၃– သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာသည် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး အသုံးပြုမှုမရှိပါ။

**(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| **ယာဉ်အမျိုး အစား** | **လှေ၊ သမ္ဗာန်** | **စက် လှေ** | **စက် ဘီး** | **မော်တော် ဆိုင်ကယ်** | **သုံးဘီး ဆိုင်ကယ်** | **ထော် လာဂျီ** | **ကား** | **မြင်း လှည်း** | **နွား လှည်း** |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၁၀၁ | ၁၅၃ | ၁၀ | ၃ | ၂ | - | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်သည့် စက်ဘီး(၁၀၁)စီး၊ မော်တော်ဆိုင်ကယ်(၁၅၃)စီး၊ သုံးဘီးဆိုင်ကယ်(၁၀)စီး၊ ထော်လာဂျီ(၃)စီး၊ ကား(၂)စီးတို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၅၄၆ | ကောင်း☐ သင့် ☒ ညံ့☐ | ရှိ ☒ မရှိ ☐ |
| ဆိုလာစနစ် | - | ကောင်း☐ သင့် ☐ညံ့ ☐ | ရှိ ☐ မရှိ ☐ |
| အသေးစားရေအားလျှပ်စစ် | - | ကောင်း☐ သင့် ☐ညံ့ ☐ | ရှိ ☐ မရှိ ☐ |
| ဒီဇယ်သုံးအင်ဂျင် | - | ကောင်း☐ သင့် ☐ညံ့ ☐ | ရှိ ☐ မရှိ ☐ |
| လေစွမ်းအင် | - | ကောင်း☐ သင့် ☐ညံ့ ☐ | ရှိ ☐ မရှိ ☐ |
| ဇီဝလောင်စာ(ဘက်ထရီ) | - | ကောင်း☐ သင့် ☐ညံ့ ☐ | ရှိ ☐ မရှိ ☐ |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်း မပြုနိုင်သောလျှပ်စစ်ဓာတ်အား ပေးစနစ် | - | | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဒေါင့်ကြီးကျေးရွာသည် လက်ရှိတွင် မဟာဓါတ်အားလိုင်းအသုံးပြုသူအိမ်ထောင်စု (၅၄၆)အိမ်၊ (၁၀၀)%ရှိကြောင်း၊ ကျေးရွာသည် ကျေးရွာကြီးဖြစ်သောကြောင့် လက်ရှိမီးအားနှင့် ကျေးရွာနေအိမ်များမှ အသုံးချနိုင်မှုအနေဖြင့် မီးအားမကောင်းခြင်း၊ ဓါတ်တိုင်များဟောင်းနွမ်းနေခြင်း၊ ခိုင်ခံ့မှုအားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား လိုအပ်သလောက် အဆင်ပြေစွာအသုံးမချနိုင်သဖြင့် လျှပ်စစ်မီးအားကောင်းမွန်စွာရရှိရေးလုပ်ဆောင်ရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၂၅၆ | ၄၀ | ၁၉၆ | ၁၀၀ |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ဒေါင့်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိရေးအတွက် ဖုန်း(၂၅၆)လုံး၊ ရေဒီယို(၄၀)လုံး၊ တီဗွီ(၁၉၆)လုံး၊ ဂြိုလ်တုစလောင်း(၁၀၀)လုံးဖြင့် အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(i) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး**

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များအနားယူအပန်းဖြေရန်နေရာများ ပျော်ပွဲရွှင်ပွဲများရှိခြင်း | ရှိ ☒ မရှိ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☒ သင့် ☐ ညံ့ ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☒ သင့်☐ ညံ့ ☐ |
| အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန် နေရာနှင့်အထောက်အကူပြုပစ္စည်းများရှိခြင်း | ကောင်း ☐ သင့် ☐ ညံ့ ☒ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ကောင်း ☐ သင့် ☒ ညံ့ ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်မှု | မရှိ ☒ နည်း ☐ များ ☐ |
| စိတ်ဝင်စားရာများကိုမိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ၊လူငယ်ရိပ်သာများ၊စာကြည့်တိုက်များစသည်တို့တွင်ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊နာရေးနှင့် ဘာသာရေး ဆိုင်ရာကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ချောင်းကြီး(အောက်)ကျေးရွာရှိ လူငယ်လူရွယ်များသည် အားကစားပါဝင်လုပ်ဆောင်မှုအားနည်းကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားစိတ်ပါဝင်စားစွာ ပါဝင်လာစေရန် လှုံ့ဆော်မှုများ၊ ပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းစသာဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာအထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☒ မရှိ ☐ |
| အာမခံလုပ်ငန်းများ၏ဝန်ဆောင်မှုများကိုရရှိနိုင်ခြင်း | ရှိ ☒ မရှိ ☐ |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအစဉ် | ရှိ ☐ မရှိ ☒ |
| မှုခင်းများကာကွယ်တားဆီးလျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှဝန်ဆောင်မှုပေးခြင်း | ရှိ ☒ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ချောင်းကြီး(အောက်)ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်း လိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာ ဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ MPT ဖုန်းတာဝါတိုင် ရှိသောကြောင့် သတင်းဆက်သွယ်ရေးစနစ်ကောင်းမွန်ပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(ဏ-၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| မှုခင်းဖြစ်ပွားမှု အခြေအနေ | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| | စိုးရိမ်ရသည် ☐ | စိုးရိမ်ရသည် ☐ | စိုးရိမ်ရသည် ☐ | စိုးရိမ်ရသည် ☐ |
| | သာမန် ☐ | သာမန် ☐ | သာမန် ☐ | သာမန် ☐ |
| | မရှိ ☒ | မရှိ ☒ | မရှိ ☒ | မရှိ ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ချောင်းကြီး(အောက်)ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုလုံးဝမရှိပါ။အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ကျေးရွာ၏ပထဝီဝင်တည်ရှိမှု | မြစ်ချောင်းနှင့်နီးပြီး သဲ၊ ကျောက်များ၊ လမ်းခင်းကျောက်များ အလွယ်တကူရရှိနိုင်ခြင်း၊ မိုးရာသီတွင် ရေကြောင်းခရီးဖြင့် အခြား မြို့ရွာများသို့သွားလာနိုင်ခြင်း၊ လယ်ယာများတွင်အသုံးပြုသော လှည်းလမ်းများသည် နွေအခါတွင် ကားများသွားလာနိုင်ခြင်း၊လယ်ကွင်းများဆားငံရည်မဝင်ခြင်းတို့ကြောင့် ကျေးရွာ၏တည်နေရာ အနေအထားကောင်းမွန်ပါသည်။ |
| • စိုက်ပျိုးရေး | သီးထပ်စိုက်ပျိုးကြပြီး အထွက်တိုးစေရန်အတွက် အင်း၊ အိုင်များကို သုံး၍ ရေတင်နိုင်ခြင်း၊ ချောင်းနှင့်နီးသောနေရာများတွင် ချောင်းရေဖြင့်ရေတင်နိုင်ခြင်း၊ မြေဆီမြေနှစ်ကောင်းမွန်ခြင်း၊ စိုက်ပျိုးရေးသုံး စက်ကိရိယာများငှားရမ်းအသုံးပြုနိုင်ခြင်း၊ ဈေးကွက်လက်လှမ်းမီမှု ရှိခြင်း၊ မိုးသီးနှံ၊ ဆောင်းသီးနှံသာမက ဟင်းသီးဟင်းရွက်များလည်း စိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေးကို အားထားရာဒေသဖြစ်ပါသည်။ |
| • ပညာတတ်ကျွမ်းလုပ်သား | ချောင်းကြီး(အောက်)ကျေးရွာတွင် လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်၊ စက်ဘီးပြင်၊ ဒီဇယ်အင်ဂျင်ပြင်ဆရာများရှိခြင်း၊ လက်တွန်းထွန်စက်များ မောင်းနှင်တတ်ခြင်း၊ ခြွေလှေ့စက်များမောင်းနှင်တတ်ခြင်း၊ ဝါးတောင်း၊ ဇကော၊ ဖျာယက်၊ ဝါးခြင်းလုပ်သောအတတ်ပညာများတတ်ကျွမ်းခြင်း၊ ယိုစုံစားသောက်ကုန်ထုတ်လုပ်တတ်ခြင်း၊ အကြော်မျိုးစုံပြုလုပ်တတ်ခြင်းတို့ တတ်ကျွမ်းကြပါသည်။ |
| • ကျန်းမာရေး | ချောင်းကြီး(အောက်)ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိခြင်း၊ ရေကောင်းရေသန့်လုံလောက်စွာရရှိခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များနှစ်စဉ်ရှိခြင်း၊ ကျန်းမာရေးပညာပေးအစီအစဉ်များရှိခြင်း၊ မြို့နယ်ဆေးရုံများသို့လက်လှမ်းမီခြင်းတို့ကြောင့် ကျေးရွာသည် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိ အဆင်ပြေပါသည်။ |
| • ကျေးရွာအခြေခံအဆောက်အဦ | ကျေးရွာတွင် အလယ်တန်းကျောင်းရှိခြင်း၊ ဘုန်းကြီးကျောင်းရှိခြင်း၊ ဘုရားကျောင်းရှိခြင်း၊ ဘုရားစေတီရှိခြင်း၊ ကျေးလက်ဆေးပေးခန်း ရှိခြင်း၊ ခရစ်ယာန်ဘုရားကျောင်းရှိခြင်း၊ MPT ဖုန်းတာဝါတိုင်ရှိ ခြင်း၊ သင်္ချိုင်းစက်ရှိခြင်းတို့ကြောင့်ကျေးရွာသည်အခြေခံအဆောက် အဦ သင့်တင့်ပြည့်စုံမှုရှိပါသည်။ |

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဒေသဆိုင်ရာအခက်အခဲ | အနီးအနားပတ်ဝန်းကျင်စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဇလွန်မြို့နှင့် မြစ်ကူးချောင်းခြား ဝေးလံခေါင်သီသောအရပ်ဒေသတို့၌ တည်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးကြွံကြာ မှုများရှိနေပါသည်။ |
| • ရာသီဥတုအခြေအနေမပေးမှု | မိုးရာသီတွင် လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း၊ မိုးတွင်းအခါ မြစ်ရေကြီးခြင်းအန္တရာယ်များ နှစ်စဉ်ကြုံတွေ့ခံစားမှုရှိပါသည်။ |
| • နည်းပညာဝန်ဆောင်မှုများ | စိုက်ပျိုးရေးတွင် မိရိုးဖလာစိုက်ပျိုးနည်းကိုသာ အသုံးပြုမှု ယုံကြည်လွန်းခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများတွင်စွန့်ဦးတီထွင်မှုမရှိကြခြင်း၊ မြို့ပေါ်ရှိဘဏ်လုပ်ငန်းဝန်ဆောင်မှုများသည် ကျေးရွာသို့နယ်လှည့်ဆောင်ရွက်မှုမရှိခြင်း၊ စိုက်ပျိုးရေးသုံးမျိုးကောင်းမျိုးသန့်ရရှိနိုင်မှုခက်ခဲခြင်းတို့ကြောင့် စိုက်ပျိုးရေးတွင် သီးနှံများမှာ အထွက်တိုးသင့်သလောက် အထွက်တိုးမကောင်းမွန်မှုများဖြစ်ပေါ်နေပါသည်။ |
| • အခြေခံအဆောက်အဦကဏ္ဍ | လျှပ်စစ်မီးလင်းရေးအား ကျေးရွာတစ်ရွာလုံးမှ အင်တိုက်အားတိုက်ရှိနေသော်လည်း မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးသောကြောင့် အခက်အခဲများရှိနေပါသည်။ |

နောက်ဆက်တွဲ(၃)

**ထုံးတပိုအုပ်စု၊ ချောင်းကြီး(အောက်)ကျေးရွာ၏ဖွံ့ဖြိုးရေးကွင်းဆက်အခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **အခြေခံအဆောက်အဦ** | | | | | |
| | • ရာသီမရွေးဆက်သွယ်သွားလာမှုမပြုနိုင်ခြင်း | • လက်ရှိကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများနှင့် ယိုယွင်းပျက်စီးနေသောကွန်ကရစ်လမ်းပျက်များဖြစ်နေခြင်း | • လုပ်အား ပံ့ပိုးပေးနိုင်ခြင်း<br>• ငွေအား တစ်တတ်တစ်အားပါဝင်လုပ်ဆောင်နိုင်ခြင်း | • လုံလောက်သောငွေကြေးပါဝင်ဆောင်ရွက်မှုမဟုတ်ခြင်း | • ကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့် ချိတ်ဆက်၍ကျေးရွာသူကျေးရွာသားများပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ | • ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း |
| ၂ | **လျှပ်စစ်** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • လျှပ်စစ်မီးအသုံး မပြုနိုင်ခြင်း | • မဟာဓါတ်အားလိုင်း နှင့် အလှမ်းကွာဝေး ခြင်း | • ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့ နှင့် နယ်နမိတ်ချင်း ထိစပ်နေသော ကြောင့် သွယ်တန်း ဆောင်ရွက်ခွင့်ပေး ပါက ကျေးရွာမှ လည်း ငွေအားပံ့ပိုး ပါဝင်ဖြည့်တင်း ဆောင်ရွက်နိုင်ခြင်း | | • သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ဌာန၊ ကျေးလက်ဦးစီးဌာန တို့အား တင်ပြ တောင်းခံခြင်း၊<br>• အလှူရှင်နှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း | • မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာမီးလင်းရေး အကောင်အထည်ဖော် ဆောင်ရွက်လိုခြင်း |
| ၃ | ပညာရေး | | | | | |
| | • **မိုးရာသီ အားကစားပွဲများ၊ ဒီဇင်ဘာ အားကစားပွဲများ မကျင်းပနိုင်ခြင်း** | • ကျောင်းသား/ ကျောင်းသူများ ကိုယ်လက်ကြံ့ခိုင် ရေးအတွက် အား ကစားပြုလုပ်ရန် မြေနေရာ မရှိခြင်း | • | • မြေနေရာများမှာ စိုက်ပျိုးမြေအဖြစ် အသုံးပြုနေကြ ခြင်း<br>• မြေနေရာအလွတ် မရှိခြင်း | • **ကျေးရွာမှ အလှူရှင်၊ ကျေးရွာရပ်မိရပ်ဖ များညှိနှိုင်းတိုင်ပင်၍ အားကစားကွင်း ပြုလုပ်ရန်မြေနေရာ ရရှိအောင် ပူးပေါင်း ဆောင်ရွက်သွားမည်။** | • ကျောင်းသား/ကျောင်းသူ များအတွက် သီးသန့် အား ကစားကွင်းစီစဉ်ဆောင်ရွက် ပေးခြင်း |
| ၄ | **အခြေခံအဆောက်အဦ** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့် ပြဿနာများအား လွတ်လပ်စွာမဖြေရှင်းနိုင်ခြင်း | • ကျေးရွာတွင် အကြောင်းကိစ္စအခါမျိုး၌ ဖြေရှင်းရာတွင် နေရာအတည်တကျမရှိခြင်းနှင့်အကြီးအကဲနေအိမ်များတွင် ဖြေရှင်းမှုများပြုလုပ်ကြခြင်း | • | • | • **ကျေးရွာမှအလှူရှင်၊ ကျေးရွာရပ်မိရပ်ဖများညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်သွားမည်။**<br>• **ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက် အကူအညီယူတင်ပြတောင်းခံသွားမည်။** | • ကျေးလက်အစည်းအဝေးခန်းမတည်ဆောက်ခြင်း |
| ၅ | **စိုက်ပျိုးရေး** | | | | | |
| | • အထွက်နှုန်းမကောင်းခြင်း | • မျိုးကောင်းမျိုးသန့်မရရှိခြင်း<br>• ဖျက်ပိုးဆိုးရွားစွာကျရောက်ခြင်း | • | • | • **စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ မျိုးကောင်းမျိုးသန့် ရရှိရေး၊ ဖျက်ပိုးဒဏ်ကာကွယ်နှိမ်နင်းမှုများ ဆောင်ရွက်သွားမည်။** | • စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်ရရှိအောင်ဆောင်ရွက်ခြင်း |

**ကိုးကားစာရင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၈၊ဒီဇင်ဘာ။

၂။ ၂၀၁၉ခု ဇန်နဝါရီလက ဒေါင့်ကြီးကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊